# ကိုယ်တွေ့သမထကျင့်နည်း



၆၄

(သမထ) ဦးအောင်မြတ်

ဘာသာရေးခွင့်ပြုချက်အမှတ်

၆၃၃၆ (က)

(သုံးကျပ်)

၇၂၉၁

# ကိုယ်တွေ့သမထကျင့်စဉ်



၁၉၇၃ · ဧပြီလ

ပထမအကြိမ်၊

အုပ်ရေ — ၂၅၀၀

မျက်နှာဖုံးရိုက် ... ... ဝင်းအောင်ပုံနှိပ်တိုက်

ဒိုင်း ... ... ... ... ... မောင်သိန်းထွန်း၊

တပို၊ ... ... ... ... ... သုံးကျပ်

ကလောက် ခင်ဆွေဝင်း

# ကိုယ်တွေ့ သမထ ကျင့်နည်း

(သမထ) ဦးအောင်မြတ်

ပုံနှိပ်သူ၊ ဒေါ်ကြည်ကြည်၊ အေးဇေယျ ပုံနှိပ်တိုက်
(မြ-၀၅၀၂၂) ၂၆၊ ရန်ကြီးအောင်လမ်း၊ မှန်လုပ်ဆောင်းကုန်း
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ၊ ဒေါ်ကြည်ကြည်၊ အေးဇေယျစာပေတိုက်၊
(မြ ၀၁၀၀၁) ၂၆၊ ရန်ကြီးအောင်လမ်း၊ မှန်လုပ်ဆောင်း
ကုန်း၊ ရန်ကုန်မြို့။

# အမြင်မှန်ရသူ

ကျွန်တော် သူ့ကိုသိတာကြာပြီ၊ ကျွန်တော်သိသောသူ့နာမည်က ကိုအုန်းညွန့်၊ ယခု "ကိုယ်တွေ့ သမထကျင့်နည်း" ကျမ်းစာအုပ်တစောင်ရေးသည်။ အမည်က (သမထ) ဦးအောင်မြတ် ဖြစ်နေပေပြီ၊ ယနေ့ (သမထ) ဆရာ ဦးအောင်မြတ်၊ ယခင်ကိုအုန်းညွန့် သည်ယခုလို ဘုရားကိုကွယ်ပြီး တရားဓမ္မနှင့်မွေ့လျော်နေမည့် သူတယောက် ဖြစ်လာလိမ့်မည်ဟု ကျွန်တော်မမျှော်လင့်ခဲ့၊ တကယ်တဲ့ ကျွန်တော်သူ့ဘဝ အပြောင်းအလဲ မြန်သည်ကိုအံ့သြမိသည်။

သူ့ကိုကျွန်တော် ၁၉၆၂-ခုနှစ်က စတင်သိခဲ့သည်။ ကျွန်တော်တို့စာပေနယ်ထဲ သူတိုးဝှေ့ဝင်လာသည်။ သည်တော့ ကျွန်တော်တို့ စာပေအပေါင်းအသင်းရောင်းရင်းဖြစ်လာသည်။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စသည်တို့ သူရေးလာသည်။ အထူးသဖြင့်

ရုပ်ရှင်ဆောင်းပါးများကို အများဆုံး ရေးသည်ကို တွေ့ရသည်။

သူ့အတွေး သူ့အရေးတွေက ရုပ်ရှင်လောကကို တခါတခါ ပဲ့တင်ထပ်စေခဲ့သည်။ စာပေ ရုပ်ရှင် အပေါင်းအသင်းများနှင့် ဒုတနှုံးတွဲ့တွဲ့ လူးလားခတ်နေခဲ့သည်။ သည်တော့ ကျွန်ုပ်ဘို့သွားရာ လာရာသို့ သူတကောက်ကောက်ပါသည်။ ရုပ်ရှင်ကုမ္ပဏီ၊ ရုပ်ရှင်စတူဒီယို၊ ရုပ်ရှင်ရိုက်နေသည့်နေရာ များသို့ သူခြေရှုပ်လာသည်။ ကျွန်ုပ်တို့ အပေါင်း အသင်းများ စာတည်းချုပ်ရာ အရက်ဆိုင်များသို့သည်း သူလိုက်သည်။ ပြီး သူအရက်သောက်သည်။ သည် တော့သူတခါတရံ အရှုပ်ကြီးဖြစ် မူးထဲအခါလည်း ရှိသည်။ ကြာတော့သူဟာ အရက်သမားအလေးနှီးနှီး ဖြစ်လာသည်။ သည်အချိန်ကျရင်သူ့စိတ်တွေ ပေါက် ပေါက်သာတတ်သည်။ သည်လိုနှင့် လွန်ခဲ့သော သုံး နှစ်ကျော်ကျော်ခန့်ကဖြစ်သည်။

ကျွန်တော့်ဆီသို့ သူပေါက်လာသည်။ သူ့ အသားအရေက ကြည်ကြည်လင်လင်၊ သူ့မျက်လုံးက တောက်တောက်ပ၊ အမူအရာကသည်း သိမ်သိမ်မွေ့ မွေ့၊ သူ့ကြည့်ရသည်မှာ ကျွန်ုပ်စိတ်ချမ်းသာလိုက် ပါဘိ။ သူအရက်လုံးဝမသောက်တော့ဘူးဆိုဘဲ။ ပြီး တော့ တရားထိုင်နေတယ်တဲ့၊ သမထကမ္မဋ္ဌာန်းတရား

ကျင့်နေပါတယ်တဲ့ ကျနော်မကျင့်နိုင်သည်ကို သူကျင့်နေသည်ဆို၍၊ ကျနော်သူ့ကို တကယ်ကြည်ညိုသွားမိသည်။ ထိထိရောက်ရောက် ကျင့်နိုင်ပါစေဟုလည်း စိတ်တွင်းမှ ဆုတောင်းမိသည်။ သိစ်ရှိမကြာလှပါ....

"ကိုယ်တွေ့သမထကျင့်နည်း" ကော်ပီထပ်ကြီးကိုပိုက်၍ ကျနော့ထံရောက်လာပါသည်၊ ကျနော်ဖတ်ကြည့်သည်။ သူ့ကိုယ်တွေ့ သမထကျင့်နည်းကို အသေးစိတ်ရေးသားထားသည်။ အလွယ်ဆုံးသော စာသားညက်ညက်ဖြင့် ရေးသားထားသည်။ သည်တော့သူ့စာမူကိုပရိသတ်ထံရောက်စေဘို့ရာ ကျနော်ကြိုးစားပေးရခြင်း ဖြစ်ပေတော့သည်။

သမထဘာဝနာတရားကျင့်ကြံအားထုတ်နိုင်ပါစေ....

မနုဿ

၁၄ - ၃ - ၇၃

# "အမှာစာတမ်း"

တနေ့က စာရေးဆရာ မနုဿနှင့်တွေ့သည်။ တွေ့သော် ငယ်ဟောင်းနှောင်းဖြစ်များ ပြန်ပြောကြသည်။ ဤသို့ပြောရာမှ ကျနော်အားထုတ်နေဆဲ ဖြစ်သော (သမထ) ဘာဝနာအကြောင်းအကျိုးကို ရေးသားရန်တိုက်တွန်းသော်၊ ကျနော်ရေးရပါသည်။

အမှန်ဝန်ခံရမည်ဆိုပါက ဤစာအုပ်ကို ကျမ်းစာစောင်အနေဖြင့် ရေးသားခြင်းမဟုတ်ပါ၊ မြင်ရကြားခဲ့ရသော အထိအတွေ့ ကောင်းကျိုးဆိုးကျိုးများပေါ်ကနေ မှီငြမ်းပြု၍ ရေးသားရပါသည်။

ဤစာအုပ်သည် ဇာတ်လမ်းယဉ် သဘောသဘာဝနှင့် ရေးခြင်းမဟုတ်၊ ကိုယ်တွေ့ကျင့်ကြံအားထုတ်စဉ်အခါက တွေ့ကြုံခဲ့ရသော တကယ့်ဖြစ်ရပ်များ ဖြစ်ပါသည်။

ဤစာအုပ် ရေးရခြင်း၏ ရည်ရွယ်ချက်မှာ (သမထ) ဘာဝနာကို အားထုတ်လိုကြသော ပုဂ္ဂိုလ်များအတွက်နှင့် (သမထ) ၏ အာရုံခံမှု အပေါ်တွင် ပေါ်လာသော အကျိုးအကြောင်းများ ကွက်ကွက်ကွင်းကွင်း မြင်တွေ့နိုင်ရန် အတွက်ငှင်း၊ နောက် (သမထ) တရားကို အားထုတ်လိုသော ပုဂ္ဂိုလ်များ ဤစာအုပ်တွင်ရေးသားသော (သမထ) ကျင့်စဉ် အကိုးအကား အချက်အလက်များကို အခြေခံ၍ ကျင့်ကြံအားထုတ်နိုင်ရန်အတွက် ရည်ရွယ်၍ ရေးသားခြင်းဖြစ်ပေသည်။

ယင်း(သမထ ဘာဝနာ အားထုတ်လိုသော ပုဂ္ဂိုလ်သည် ရတနာသုံးပါးကို မမေ့ရန် အထူးလိုအပ်ပါသည်။

ဤစာအုပ်ဖြင့် ကျွန်တော်၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသည့် (ဘိုးတော်အောင်မင်းခေါင်) နှင့် သာသနာပြုပုဂ္ဂိုလ်ကျော် ယောက်ကော်ကျွန်းမြတ်တွင် သတင်းသုံး နေတော်မူသော (ဦးသဒ္ဓမ္မသိဒ္ဓိ) ဆရာတော်ဘုရားတို့အား ကန်တော့ပါ၏.

(သမထ) ဦးအောင်မြတ်။

(သမထ) ဦးအောင်မြတ်

# ကိုယ်တွေ့ သမထ ကျင့်နည်း

## (၁)

အဖျားအပူရှိန်ဒီဂရီ ၁၀၀ - နီးပါးခန့်သာရှိ၍၊ ပေါ့ပေါ့တန်တန်နေမိသည်၊ ချေးထုတ်ဆေးသောက်ရင် ပျောက်လိမ့်မည်ဟုထင်မိသည်။ ဒါကြောင့် နေ့ရက်တွေပြောင်းခဲ့ပြီ၊ သို့သော်အဖျားကမပျောက်ချေ။

တနေ့နှင့်တနေ့ ပျောက်လိမ့်မည်ဟုထင်သည်၊ မပျောက်နိုင်သည့်အဆုံး ဆေးရုံသို့ပြေးခဲ့သည်၊ လူတွေကသည်း များပါပေ၊ မိမိရောဂါနှင့်မိမိဆိုတော့ ခံစားချက်ခြင်း တူညီလင့်၊ ဝေဒနာချင်းကတော့မတူချေ။

တနာရီခန့်စောင့်ဆိုင်းပြီးမှ ဆရာဝန်နှင့်တွေ့ရသည်၊ ဆရာဝန်သည် ကျွန်ုပ်၏တကိုယ်လုံးအား သူ၏မျက်လုံးအစုံက လှမ်းမြို

လိုက်သည်ကို မြင်တွေ့ရသဖြင့် ကျနော့်အဖို့ ထိတ်ထိတ်ပျာပျာ စိတ်အားငယ်မိသည်။

"အေးပေါ့ဗျာ.... ရောဂါဆိုတာ စဖြစ်တဲ့အချိန်က လာပြရမယ်၊ နောက်ကျမှဆို ကုရတာခက်တယ်ဗျာ့"

ဆရာဝန်၏ ဂရုဏာသံသည် ကျနော်၏ ရောဂါဝေဒနာကို ကြည့်ပြီးတော့ ပြောရှာသတိပေးလေသည်။

ဒါပေမဲ့ ကျနော်က သေသေချာချာနားမလည်တော့ နားထောင်ရုံမှလွဲပြီး ဆရာဝန်ရှေ့တွင် ကြောင်အမ်းအမ်းချပ်လျက်ရှိနေပါသည်။

"ခင်ဗျားရောဂါက အသဲရောင်သောရောဂါဗျာ့"…. ဒီလိုရောဂါဟာအစတော့အဖျားအပူရှိန်သိပ်မရှိဘူး၊ ကြာလာတော့ အသက်ရှူကျပ်လာပြီး အသက်သေသည်အထိ ဖြစ်သွားနိုင်တယ်"

ကျနော်သည်ရောဂါအမည်နှင့် ရောဂါအခြေအနေကို ပြောပြ၍သိရှိတော့မှ ကြောက်စိတ်တွေ တဖွားဖွား ပေါ်လာတော့သည်။

ဆရာဝန်သည် ဆေးရုံသို့တက်ရန် တိုက်တွန်းပါသည်၊ ဒါကြောင့် ကျနော်ဆေးရုံတက်ရန် သဘောတူညီလိုက်ရသည်။

ကျနော်သည်ဆေးရုံသို့တက်ရောက်ပြီးနောက်၊ အချိန် အနည်းငယ်တွင် ရောဂါအခြေအနေနှင့် ကိုယ်ရေးမှတ်တမ်းကို ရေးယူကြပါသည်။

"ခင်ဗျား.... အရက်သောက်တတ်သလား"

ထိုအမေးကို ကျနော်ကသောက်ကြောင်းဝန်ခံပါသည်။

"ဘယ်အရွယ်က စသောက်သလဲ၊ စသောက်တဲ့ နှစ်ကို ခင်ဗျားမှတ်မိသလား"

ကျနော်သည် မှတ်မိသ၍ ဆရာဝန်၏အမေးကို ဖြေလိုက်ပါသည်။ အရက်သောက်သူအနည်းနှင့်အများ အသဲရောင်ရောဂါများစွဲကပ်တတ်ကြောင်း ပြောပြပါသည်။

ကျနော့်ရောဂါကိုစမ်းသပ်စစ်ဆေးပြီးနောက်ကျနော်နေရမည့်အခန်းဆီသို့ လိုက်ပို့ပါသည်။ ၎င်းအခန်းတွင် လူနာကုတင် သုံးလုံးရှိပါသည်၊ တဖက်တချက်တွင် လူနာများ ရှိနေပါသဖြင့် ကျနော် စိတ်အားမငယ်မိပါ။

အကယ်၍ ကျနော်တဦးတည်းဖြစ်ပါက ကြောက်စိတ်များဝင်လာမည်မှာ အမှန်ဖြစ်ပါသည်။

မှောင်စပျိုးတော့မည်၊ ဆေးရုံတခုလုံးရှိ ဓါတ်မီးချောင်းတွေ မှာလင်းထိန်၍လာ၏၊ ကျနော့် စိတ်တွင် မကြေလည်ခဲ့သော ခံစားချက် တခုကို ပြန်လည်သတိရလျှက်ရှိနေတော့သည်၊ ၎င်းမှာ အရက်သောက်၍ ရရှိခဲ့သော အသဲရောင်ရောဂါကို ပြန်လည် သတိရမိသည်။

"အရက်.... အရက်"

အသံမထွက်ဘဲ စိတ်ထဲမှာတယောက်တည်း ရေရွတ်လိုက်သည်။

အရက်ကို ကျနော် ကြိုက်လို့သောက်ခြင်းမဟုတ်ပေ၊ မသောက် မနေနိုင်သော အခြေမျိုးလည်းမဟုတ်ပါ။

ဘာကြောင့် ကျနော်အရက်ကိုသောက်လာသလဲ၊ ကျနော်၏ အလုပ်သည်နယ်လှည့် စာရင်းစစ်ရသည့်အလုပ်ဖြစ်သည်။

နယ်ရောက်၍ အလုပ်အားလပ်သောအချိန်တိုင်း လုပ်ပေါ ကိုင်ဖက်တွေနှင့် ဟိုအကြောင်း ဒီအကြောင်း စပ်မိစပ်ရာ ပြောရာမှ အရက်ကိုသောက်လေ့ရှိသည်။

ထိုမှဘဆင့် အရက်ကိုတယောက်တည်း ဆိုင်တွင်သောက်လာသောအကျင့်မျိုးဖြစ်လာသည်။ အရက်ဆိုင်တွင်သောက်ရသောအခါ မိတ်ဆွေသစ်၊ မိတ်ဆွေဟောင်းများတွေ့ရစမြဲ၊ ကျနော်က လည်း စာရေး၊ ဝတ္ထုဝါသနာရှိတော့၊ စာရေးဆရာအချို့နှင့် သိခွင့်ရသည်။

ဒါကြောင့် ကျနော် စာရေးဆရာနယ်ပယ်သို့ ဝင်ရောက်လာဘော့သည်။ စာရေးရန် ဝါသနာပါသော်လည်း၊ သိခွင့်ရသောစာရေးဆရာများကဲ့သို့ ရေးအားတော့သိတ်မရှိပေ။

အဘော်အတန်တော့ ဆောင်းပါးဝတ္ထုမျိုး ရေးတတ်ပါသည်။ စာရေးဆရာအင်အားကကောင်းဘော့ တယောက်မဟုတ် တယောက် အရက်ကိုဘကာခံပြီးတိုက်လေ့ရှိသည်။

အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် ကျနော်တို့အဖွဲ့ သည် ညနေတိုင်းအရက်ကိုသောက်ပါသည်။ အချိန်ကုန်ငွေကုန် ခံပြီးသောက်သောအရက်ကြောင့် ကျနော်ဆောဂါရရှိခဲ့သည်ကို တွေးမိတော့သည်။

အရက်အကြောင်း အတွေးသည် ပျောက်ကွယ်၍ သွားပါတော့သည်။ ဆေးရုံတွင်နေ့စဉ်ရက်ဆက်ဆိုသလို ဆေးထိုးရသည် ရှိသကဲ့သို့ ဆေးသောက်ရသည်လည်းရှိပါသည်။

ဆေးသောက်ရသည်ကို ကျနော်အားမငယ်ပါ၊ အကြော ဆေးထိုးရမည်ကို ကျနော်အလွန်ပင် ခိတ်ပျက်ရပါသည်။

အကြောရှာရန် အသားကိုအပ်ထိုးဖေါက်ပြီး အကြောရှာကြပါသည်။ အကြောမတွေ့မချင်း အသားကိုအပ်စိုက်ခံရသည်မှာ မသက်သာလှပေ။

ဆေးရုံတက်သောရက် အတော်ပင်ရခဲ့သည်၊ လူနာအချို့ အော်ဟစ်နေသံ၊သေဆုံးသွားသော လူနာအချို့တို့၏ အနိဋ္ဌာရုံမြင်ကွင်းကိုတွေ့လိုက်ရသောအချိန်တွင် ဝမ်းနည်းသလိုငါတော့ ဘနေ့နေ့သေရမည်ဟု သတိသံဝေဂတရားရလာသည်။

ပြင်ပတွင် ပျော်ပါးနေချိန်က ဤအတွေးများ မပေါ်ပေါက်ချေ။ အသိတရားက ဖုံးလွှမ်းလာသောကြောင့် ကျနော်၏စိတ်သည် အတော်ကလေးနူးညံ့ခဲ့သည်။

ကျနော်ဆေးရုံကဆင်းပြီး၊ အိမ်ထောင်စု စီးပွားရေးအဆင်မပြေသဖြင့် ရရှိသောလခကလည်း မလုံလောက် သောကြောင့် စီးပွားရေးလုပ်ငန်းတခုခုလုပ်ရန် စိတ်ဆုံးဖြတ်ပါတော့သည်။

ကျနော်တို့ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအရ စီးပွားရေး လုပ်ငန်း လုပ်တော့မည်ဆိုပါက ဗေဒင်မေးလေ့ရှိတတ်သည်။ဒါကြောင့် ကျနော်တို့၏ ရပ်ကွက်အတွင်းရှိ ဗေဒင်ဆရာတဦးထံ ရောက်ရှိသွားပါသည်။

ဝဝဖိုင့်ဖိုင့်မှင်ဆိတ်မွေးထူထူထပ်ထပ်နှင့် မျက်လုံးအိမ်တွင်ရှိ မျက်လုံးအစုံသည် ဘောက်ပြောင်နေသည်။ မျက်တောင် အစဉ် အမြဲခပ်ဝေ့ဝေ့မရှိပေ။

သူ၏ မျက်လုံးနှစ်စုံက သမာဓိ ကောင်းကြောင်းကို သက်

ကျင့်ရန် မေးမြန်းခဲ့ပါသည်။ သူ့သဘောက အသက်ရှူရပ်၍ ရုပ်နမ်ကွဲအောင် ကျင့်ခိုင်းပါသည်။ ကျနော့်အဘို ထိုတရားကို ကျင့်ရန်ဆုံးဖြတ်လိုက်ပါသည်။

ဆရာကြီးကဲ့သို့ကျင့်ကြံပြောဆိုရန်ဆန္ဒပေါ်လာသည်။

ကျနော်သည်အိမ်သို့ပြန်ရောက်ခဲ့သည်။

စာအုပ်စင်သို့ ကျနော့်မျက်လုံးအစုံက ရောက်သွားသည်။ စာအုပ်ပုံထဲမှ ကောင်းနိုးရာရာ ရှာဖွေလိုက်ပါသည်။

ဆရာကြီးရွှေဥဒေါင်း၏စာအုပ်တအုပ်ဖတ်ရန်ပြင်လိုက်သည်။

ဆရာကြီး၏ စာအုပ်ထဲမှ ဆန္ဒိဒ္ဓိပါတ်ကိုအောက်ပါအတိုင်း စိတ်တွင် စွဲမြဲခိုင်ခန့်စွာမှတ်သားလိုက်သည်။

> လောကီရေးဖြစ်စေ၊ လောကုတ္တရာရေး၌ ဖြစ်စေ၊ ထမြောက်အောင်မြင်ခြင်း၏ မူလအခြေခံဖြစ်သော စိတ်နေ စိတ်ထားသည်ကား၊ ပြင်းပြစွာသောဆန္ဒရှိခြင်းပင် ဖြစ်၏။
>
> လောက၌ ကြွယ်ဝ ချမ်းသာမှုမှစ၍ မဂ်တရား၊ဖိုလ်တရားကို ရရှိခြင်းတိုင်အောင် ပြင်းစွာသော ဆန္ဒရှိခြင်း သာလျှင် အခြေခံဖြစ်၏။
>
> မဂ်တရား - ဖိုလ်တရားသာလျှင်သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရခြင်းသည်ပင်လျှင် ပြင်းသွာသောဆန္ဒကို အ အခြေခံပြု၍ပါရမီတော်ပြည့်ကျင့်ခြင်းအားဖြင့် ဘုရားအဖြစ်သို့ ရောက်နိုင်ကြရကား ဤမျှလောက်မခက်ခဲလှ

သော လောကီချမ်းသာမှုကို ပြင်းစွာသောဆန္ဒရှိသူ တယောက်သည် အဘယ်မျှရှာမရနိုင်ဘဲ ရှိပါအံ့နည်း။

ထိုကဲ့သို့ပြင်းစွာသော ဆန္ဒဖြစ်ပေါ်ခြင်းသည် တန်ခိုးဣဒ္ဓိပါတ်ကြီးတခုဖြစ်လာတော့၏၊

ထိုကြောင့် ဣဒ္ဓိပါတ် ၄-ပါး အဓိပတိ -၄ ပါးတို့တွင် ဆန္ဒတည်းဟူသော သဘောတရားကို မူလအခြေခံထား၍ မြတ်စွာဘုရားသခင် ဟောတော်မူခြင်းဖြစ်၏။

ပြင်းပြစွာသောဆန္ဒဖြင့် အမြဲခံ့ခဲ့လျှင် ကြွင်းကျန်သော တန်ခိုးအဒ္ဓိပါတ် (၃) ပါး၊ အဓိပတိ (၃)ပါး တို့သည် အလိုအလျောက် ပါလာတော့၏။

ပြင်းစွာသောဆန္ဒဖြစ်ပေါ်လာသည့်အခါ စိတ်အားထက်သန်ခြင်း၊ ဝီရိယနှင့် ဇွဲကောင်းခြင်း၊ ဉာဏ်ရှိ သသောက် အမျိုးမျိုး ဖန်တီးနိုင်ခြင်း စသည်တို့သည် အလိုလို နောက်မှလိုက်ပါလာရစမြဲ။

ထို့ကြောင့် လောကီချမ်းသာမှုကို အလိုရှိသည်ဖြစ်စေ၊ နိဗ္ဗာန်ချမ်းသာကို အလိုရှိသည်ဖြစ်စေ ရှေး ဦးစွာလိုသောအချက်သည်ကား ကာမတ္တမျှအလိုရှိခြင်းတည်းဟူသောစိတ်ကို ပြင်းစွာသော ဆန္ဒအဖြစ်သို့ ရောက်လေအောင် ပြုလုပ်ရမည်။

ဆန္ဒိဒ္ဓိပါတ်ဟူသော တန်ခိုးသတ္တိကို ရာဇဝင်၌ပါရှိသောအဖြစ်အပျက်တခုအားဖြင့် ထင်ရှားအောင် ဥပမာဆောင်ဦးအံ့။

(သခသ)ဦးအောင်မြတ်

စစ်ဗိုလ်ကြီး ဟယောက်သည် မြစ်တဘက်ကမ်း၌ ရှိသောရန်သူစစ်တပ်ကို တိုက်ခိုက်ဖြိုဖျက်ရန်ပြင်းစွာ ဆန္ဒဖြစ်ပေါ်ဘူး၏။

ရန်သူစစ်တပ်သည် မိမိ၏ စစ်တပ်ထက် ဦးရေများပြားတောင့်တင်းကြောင်းကိုလည်းသိ၏။

သို့သော် .... မိမိစစ်သားများသည် မိမိကဲ့သို့ပင် နိုင်ချင်သောဆန္ဒ ပြင်းစွာပေါ်ပေါက်ခဲ့လျှင် ကေန်မုချနိုင်ရလိမ့်မည်ဟူ၍လည်း ယုံကြည်စိတ်ချ၏။

သို့ဖြစ်ရကား စစ်ဗိုလ်ကြီးသည် မိမိစစ်သားများကို လှေဖြင့် ကူးဆောင်၍ တဘက်ကမ်းသို့ ဆိုက်ရောက်ကြသောအခါ လှေအားလုံးကိုမီးရှို့ပစ်ပြီးနောက်စစ်သားများအားပြောသည်မှာ....

"ငါ့လူများ .... ငါတို့မှာ အသက်ရှင်ကြသည့်နည်းလမ်း တလမ်းသာရှိတော့သည် ယခုတိုက်မည့် စစ်ပွဲတွင် ငါတို့ဘက်ကနိုင်မှ ငါတို့ပြန်ခွင့်ရကြတော့မည် ရှုံးနိမ့်ခဲ့လျှင် ပြေးရန်လမ်းမရှိသောကြောင့် ငါတို့အားလုံး သေကြဲဘို့သာရှိတော့သည် အသက်မသေလိုလျှင် နိုင်အောင်တိုက်ကြပေလော့" ဟုပြော၏။

စစ်သားများသည် ထိုအခြင်းအရာကို သိမြင်ကြ၍ ငါတို့မနိုင်လျှင် ငါတို့သေကြရမည်။

မနိုင်နိုင်အောင် တိုက်ပါလေကော ဟု ဆန္ဒပြင်းစွာ ရှုတ်ရှုတ်ချွန်ချွန် တိုက်ခိုက်ကြသောကြောင့် ကြီးမားသောရန်သူစစ်တပ်ကြီးကိုဖြိုခွင်းနိုင်နင်ခဲ့သည်။

ကျွန်ုပ်သည် ဆရာကြီး၏စာအုပ်ကိုဖတ်ပြီးနောက် စိတ်နေစိတ်ထားမှာ ပြင်းပြစွာသောဆန္ဒရှိရန် ကြိုးစားရပါတော့သည်။

ဆန္ဒတရားရရှိသော်လည်း မပြီးသေးချေ အားထုတ်ရန်လိုသေး၏ ထို့ကြောင့် နည်းလမ်းရှာဖွေရတော့သည်။

အတွေ့အကြုံမရှိသော ကျွန်ုပ်အတွက် အားထုတ်ရန်ခက်ခဲပါသည်။ လုပ်သုံသောသဘောဆန္ဒက ပြင်းပြသော်လည်းကျင့်ကြံရန်တရားလိုလာသောအခါကျွန်ုပ်အတွက်အခက်ကြုံရသည်။

ဆန္ဒပြင်းပြမှုဝေဒနာကိုတော့ ခံစားနေရသည် တနေ့တခြားဆိုသလို မခိုပြုလုပ်သုံးသောတရားကိုရှာဖွေရပြန်သည်။

ဒါကြောင့် ညီအကိုဘော်သူ တဦးအိမ်သို့ နံနက်စောစောရောက်ရှိသွားတော့သည် သူနှင့်လူမှုရေးအရအလွှာပ သလွှာပစကားပြောနေသေးသည်။

နောက်မှ ကျွန်ုပ်သိလိုသော တရားအကြောင်းကို ပြောပြတော့မှ သူ့အတွက်အတော်ကလေး ဒင့်သြနေသည်။

အကြောင်းမှုတချိန်က အရက်အကြောင်းကို ဦးစည်ပြောတတ်သော ကျွန်ုပ်လိုလူမျိုးက ဟာရေးအကြောင်းများပြောလာတော့အံ့သြခြင်းမှမသုံသင်ကာဖြစ်လာတော့၏။

"ကြည့်လုပ်အုံး.... ဘော်တော်ကြားအကျွတ်တရားမျိုး တောတွက်သွားမှဖြစ် ပိန်းမနဲ့ ခလေးတွေ ဒုက္ခရောက်နေအုံးမယ်"

"ဒါပေါ့ဗျာ.... ပျက်အခင်းပင်ခဏပေါ့ဗျာ"

လူဘယောက်ကသက်သုံး ဒီလိုဘဲသွားနေလိမ့်မယ်လို့ ထင်လိုက်ပါနဲ့... ပြောတဲ့အတိုင်း တောထွက်လောက်တဲ့ ကိစ္စရပ်မျိုး

ဖြစ်ပေါ်မလာပါဘူး၊ ဘာကြောင့်လဲဆိုကျနော်လုပ်မဲ့ကရားက ဘုရားကြိုက်တဲ့တရားဆိုတော့ မြတ်စွာဘုရားဟောထားတဲ့(၃၈) ဖြာမင်္ဂလာတရားမှာ....

ဘောဒေဝပုတ္တ၊ အိုနံတ်သား၊ မာတာပိတု၊ အမိ အဘ တို့ကို ဥပဋ္ဌာနဋ္ဌ၊ လုပ်ကျွေးမွေးမြူရခြင်းသည်လည်းကောင်း ပုတ္တဒါရဿ သားမယားတို့အား သင်္ဂဟော စ သင်္ဂြိုဟ်ထောက်ပံ့ ရခြင်းသည်လည်းကောင်း အနာကုလာ အနှောက်အရှက်မရှိကုန်သော ကမ္မန္တာစ အမှုတို့ကို ပြုရခြင်းတို့သည်လည်းကောင်း အတွက်၊ ရှိ၏ ဧတံ၊ ဤသုံးပါးသောတရားသည်လျှင်၊ ဥတ္တမံ မြတ်စွာသော မင်္ဂလံ မင်္ဂလာမည်၏။

"ဘုရားက ဟောထားတဲ့ မင်္ဂလာတော်ထဲမှာ သားမယား ထောက်ပံ့ကျွေးမွေးရဒါဟာ မင်္ဂလာဆိုတော့ သူတို့ကိုလဲမပစ်ပယ်ဘဲ လုပ်ကျွေးပြီး ကျင့်ကြံအားထုတ်တာက ပိုမြတ်ဒါပေါ့ဗျာ အိမ်မှာနေပြီးကျင့်လဲရနိုင်ပါတယ် .."

၎င်းနောက် သူ့ဆီမှစွန်းလွန်း၊ဝိပဿနာတရား အားထုတ်စဉ်ကိုထုတ်ပေးပါသည်။

ကျနော်သည် ထိုစာအုပ်ကိုယူပြီး အိမ်သို့ပြန်လာခဲ့သည်။

တရားတော်နှင့် အသိအတွေ့ မရှိသောကျနော့်အဖို့ နည်းလမ်းစတော့ရရှိကြောင်း စွန်းလွန်းဝိပဿနာ စာအုပ်ကိုအခေါက်ခေါက်ဖတ်မိပါသည် ထိုစာအုပ်ထဲမှ အရေးကြီးသောစာတန်းများကိုသေ့လာမိသည်။

"ခပ်သန်သန် ခပ်ပြင်းပြင်း ရှူခြင်း၏ အကျိုးများသည် အပြင်ပအာရုံများ ပျောက်စေခြင်း စိတ်ကိုထိန်း

> ငြိမ်းစေနိုင်ခြင်း တိနမိဒ္ဓ - ကာမစ္ဆန္ဒ အစရှိသော နီဝရဏ အတားအဆီးများကို လွယ်ကူသွက်လက်စွာ ငြိမ်စေခြင်း သမာဓိလျှင်မြန်စွာရင့်သန်စေခြင်း နှာသီးဖျား နှုတ်ခမ်းဖျားများကို လေတိုးထိတော့သိလိမ့်မယ်၊ သတိအပေါ် သတိထား ခြေလက်ခေါင်းနှင့် ကိုယ်ကို မလှုပ်ဘဲငြိမ်ပါ သို့မှသာလျှင် သမာဓိရင့်မြန်ပြီ။

ကျနော်သည် စွန်းလွန်းဆရာတော်ဘုရားကြီး၏စာအုပ်ကြည့်ပြီး ထွက်သက် ဝင်သက်ကို စတင်လုပ်ရန် ပြင်ဆင်လိုက်ပါသည်။

ကျနော်၏ အိမ်သည်နှစ်ထပ်အိမ် ကျနော် နေသောအခန်းသည်အောက်ထပ် ပတ်ဝန်းကျင်သည် ဆူညံမှုရှိသည်။

အိမ်ပေါ်ထပ်မှဆူသည် ပတ်ဝန်းကျင် မော်တော်ကားပြင်သောဝပ်ရှော့တွေဆူသည် ပတ်ဝန်းကျင်ဆူညံသံကိုတွန်းလှန်ရန်လိုတော့သည်။

ဒါကြောင့်ဆရာတော်ဘုရားကြီး၏ ခပ်ပြင်းပြင်းရှူခြင်း အကျိုးများသည် ပြင်ပမှအသံများပျောက်လိမ့်မည်။

ဒီနေ့အဘို့ ကျနော်တရားအားထုတ်ရန်ပြင်ဆင်လိုက်ပါတော့သည်။

## ( ၂ )

ကမုံးလုံးအုံ့မှိုင်း၍ မိုးသက်လေတို့ဆင်လာသည်။

တောင်ဆီမှမဲ့နက်သည့် တိမ်ဘမန်တို့သည် မိုးကိုဖိတ်ခေါ်၍ တရိပ်ရိပ်ပြေးလွှားလာသည်။

ငှက်ခါးတောင်နှယ် တိမ်စွယ် တိမ်လိပ်တို့ ကရိပ်ရိပ်ဝေ့တ်ဝိုင်းကာ မိုးမြုန်းသံများနှင့်အဘူ မိုးဦးဂီတကို သီကျူးနေသည်မှာ တုန်လှုပ်ဘွယ်ကောင်း၏။

ဘုစ တစနှင့်မိုးသက်လေကသန်လာသည်။

သစ်ကိုင်းကလေးတွေ့များ ရွက်သစ်များတို့မှာ ပြတ်လွင့်ကာ မိုးသက်လေနှင့်အတူလွင့်ပါး၍နေ၏။

မိုးဦး၏ ညနေခင်းမို့ ပို၍မှောင်မဲနေ၏။

လျှပ်ပြက်သဖြင့် မျက်စေ့ကျိန်းမတက်တဝင်းဝင်းတောက်နေသည့် လျှပ်ရောင်နှင့်အတူ မိုးခြုန်းသံက တုန်ဟီး၍နေ၏။ မိုးပေါက်မိုးစက်တို့သည် လေနှင့်အတူ မုတ်သုန်စောင်းကြီးသဖွယ် သွယ်တန်း၍ ကျလာပြီဖြစ်၏၊

လေနှင့်မိုးကြောင့် ကျနော်၏ အိမ်တခါးများသည် တကျုံးကျုံးမြည်ဟီးနေတော့သည်၊ လေသံမှာလည်း တဝေါဝေါမြည်ခနေ၏။

ပတ်ငန်းကျင်ရှိ သစ်ပင်ကြီးငယ်ကို ပွတ်တိုက်သံများသည် ဆူညံလျက်ပင်။

ကျနော်သည်တရားအားထုတ်ရန် အိမ်ရှေ့ခန်းရှိဘုရားစင်သို့ ဦးတည်၍လာသည်၊ သို့သော် မိုးစက်များသည် ဘုရားစင်ရှေ့ရှိ ကွတ်ပစ်ကို စိုစွတ်ထားလိုက်သည်၊ ဒါကြောင့်ကျနော်အဘို့ တရားအားထုတ်ရန် နောက်ဆုတ်လင့် ကျနော်သည် အလုပ်တခုခု လုပ်ရန်ဆုံးဖြတ်မိပါက လုပ်ရချေမှ ဒါဟာကျနော်၏ အကျင့်တခုပင်။

ကျွဲညိုမိုးတွေ ဘယ်လောက်ရွာချေ တရားအားထုတ်မည်ဟု ဆုံးဖြတ်သည့်အတိုင်းအားထုတ်တော့မည်။

ဘုရားစင်ရှေ့တွင်ကြာကြာထိုင်လေ့ရှိမသောကျနော့်အဖို့ အတော်ကလေးကသိကအောက်နိုင်လှသည်။

အကြောင်းမှု ထိုင်သည့်ပုံသဏ္ဍာန် မသိရှိသောကြောင့် မည်ကဲ့သို့ထိုင်ရမည်ကိုမတွေးတောမိ။

ဒါကြောင့်မြင်လေ့မြင်ထရှိခဲ့သော အတွေ့အကြုံက၊အခြား လူများထိုင်ပုံထိုင်နည်းက မြင်ဆရာအနေဖြင့် အတွေ့အကြုံရခဲ့ သည်။

ကျနော်ဘုရားစင်ရှေ့တွင်ထိုင်၍ဝတ်ပြုသည်။

ဤနေရာမှာ ဘုရားဂုဏ်တော်များရွတ်ဆိုရမည် ဒါပေလင့် ကျနော်မရ ဒါကြောင့်ရတနာသုံးပါးကိုဘုရား၊ တရား၊ သံဃာ ကိုအာ: ရှိခိုးပ သည်။

ယင်းသို့ရှိခိုးပြီးနောက် ကိုယ်ကိုမတ်မတ်ထားပြီး ကြာဖူးပုံ သဏ္ဌာန်ခြေနှစ်ဖက်ကို တဖက်နှင့် တဖက်ရှက်ပြီး မျက်စိကိုမှိတ် ကာ ကျနော်၏စိတ်သည် ဘုရားအား အာရုံပြုလျှက်ရှိပါသည်။

မျက်စိထဲတွင် အရောင်အမျိုးမျိုးပေါ်လွင်နေ၏။

ဥပမာ- လေအဟုန်၏တိုက်ခိုက်ခြင်းကိုခံရသော ငါးမ်သိပ်တိမ် သားတို့မှာ လူးလိမ့်ပျံ့လွင့်သကဲ့သို့ အနီရောင်၊ အစိမ်းရောင် အ ရောင်အသင်းမျိုးသည် တခုနှင့်တခု ရောယှက်လှုပ်ရှားနေ၏။

ကျနော့၏စိတ်သည် ဘုရားအား အာရုံပြုထားသော်လည်း တည်ငြိမ်မှုမရှိပေ အကြောင်းမူ စိတ်၏လှုပ်ရှားနေသော သွေ့ လာသောင်းပြောင်း တောင်စင်ရေမရ တမျိုးတဖုံစိတ်၏သဏ္ဌာန် က လှဲပြားခြင်းကြောင့် သမာဓိအားကို မတိုးပွါးဘဲပျံ့ရှိ သောစိတ်ကဖြစ်ပေါ်လာပါသည်။

ထိုင်လေ့ ထိုင်ထမရှိသောကျနော့်မှာခန္ဓာကိုယ်၏ အစိတ် အပိုင်းများသည် နာကျင်သော ဝေဒနာမျိုးက ဖိနှိပ်လာပါ သောကြောင့် ကြာကြာမထိုင်ဖြစ်တော့ချေ။

ကျနော်သည် အချိန်အနည်းငယ်တရားထိုင်ရသဖြင့် စိတ်ဝယ် မကျေချမ်းသော၊ ဘဝင်မကျသော၊ လုပ်ရပ်တခု၏ အနှစ်အရသာကို မတွေ့ရှိမခံစားရသောကြောင့်တမြေ့မြေ့တရားကို ကြာရှည်စွာထိုင်ရန် နည်းလမ်းရှာဖွေတော့သည်။

အမှတ်မထင် ညဘည၌ ကျနော် သွားမေး ခဲ့သော သမထဆရာကြီးဆီးပြောပြက်သော အသက်ရှူရပ်၍၊ ရပ်-နာမ်ခွဲကျင့်ခြင်း၊တရားကိုအားထုတ်ရန် စိတ်ဝယ်စောလျှင်စွာ သတိရမိ၏။

ထို့ကြောင့် ဆရာကြီးပြောသော အသက်အောင့် ကျင့်ခြင်းကို စတင်ကျင့်ကြံပါသည်၊အသက်ကိုမြန်မြန်ရှူ၊ မြန်မြန်ထုတ်၍ အသက်မရှူဘဲ ရပ်လိုက်တော့ အသက်မရှူခြင်းကြောင့် စိတ်၏ လှုပ်ရှားမှုသက်သာနံသည် ပေါ်လွင်၍မလာဘဲကိုယ်တွင်း၌ လေ၏ ခိုလှောင်ခြင်းခံရသောကြောင့် အသက်အောက်၍ ခံစားရသော ဝေဒနာတမျိုးခံစားရပါသည်။

ထိုအသက်အောင့်၍ ကျင့်ကြံသော အလေ့အကျင့်ကို ရက်ကြာကြာ ကျနော် လေ့ကျင့်ခဲ့၏၊

ယခုတဖန် ညဘက်တွင် အိမ်ရှေ့ပေါ်တွင် ပက်လက်လှန်၍ ရုပ်၊နာမ်ကွဲသော အသက်အောင့်အကျင့်ကို ကျင့်ကြံခဲ့ပါသည်။

ဤကဲ့သို့ကျင့်ကြံနေသောအချိန်တွင် သွေးခုန်နှုန်း မြန်ပြီး အပူရှိန်ဟပ်မှုကို ခံစားသလိုယောင်ယောင်နှင့် အသက်ကို ပြန်လည်ရှူသောအခါတွင် ကျနော်၏ တကိုယ်လုံးမှာ အေးစက်၍ လာပါသည်။

ထို့ကြောင့် ထိုဒ ကျင့်တရား၏ ခံစားရသော ဝေဒနာမှာ သွေးခုန်နှုန်းမြန်လာခြင်း နှလုံးတုန်ခြင်း လက်များတုန်လာခြင်း ဝေဒနာကို ခံစားရပါသည် ထိုအကျင့်တရားသည် မမှန်ကန်သောအကျင့်ဟု ထင်မြင်ယူဆပါသည်။

( ၃ )

ဤသို့တဖန်နောက်ဆက်လက် ကျင့်ရ၏။

ဤညအဖို့ စွန်းလွန်းဆရာတော် ဘုရားကြီး၏ တရားအားထုတ်စဉ် ဟောကြားညွှန်ပြတော်မူခြင်း၏ ခပ်သန်သန် ခပ်ပြင်းပြင်း ရှုခြင်း၏အကျိုးသက်ရောက်မှုသည် ပုတ်ဝန်းကျင်၏ ဆူညံခြင်းကိုညိမ်သက်စေ၏။

ကွယ်ပျောက်စေ၏ ထိုတရားကိုကျင့်ရခြင်းအားဖြင့် ကျနော်‌့အတွက် အထူးငြိမ်းအေးစေသည်။

သမာဓိအား တိုးတက်စေပါသည်။

တခါတရံ ကျနော်တရားအားထုတ်နေစဉ် နှာခေါင်းဝတွင်ရင်း ပါးပြင်တွင်ရင်း စူးရှသောအကောင်ဟုထင်ရသော သက်ရှိအရာများသည် လှုပ်ရှားသွားလာဟန်ဖြင့် သမာဓိကိုပျက်ပြားစေအောင် နှောက်ရှက်ခြင်းကိုခံရလေသည်။

ယင်းကဲ့သို့အပြုအမူများ ကြိမ်ဖန်များစွာ ခံရသောကြောင့် ကျနော့်အဖို့ ယင်းနှောက်ရှက်ခြင်းကို ဂရုမပြု မိမိအားထုတ်သောတရားကိုသာ ဦးစားပေးအားထုတ်လျက်ရှိ၏။

ညဘက်ညဝယ် ထိုကဲ့သို့တရားအားထုတ်နေစဉ် ကျနော်၏နားဝယ်လူတဦးပြောဆိုလိုသော စကားသံများကို ပီပီသသ ကြားလိုက်ရပါသည်။

"မင်းကျင့်နေတာ သမထတရားတော့ဟုတ်ပါတယ် ဝိပဿနာတရားဘက်ကို မကူးနဲ့အုံး သမသအောင်ပြီးမှ ဝိပဿနာကူးသမထကိုဆက်ကျင့်အုံး...."

ထိုအသံကိုကြားလိုက်ရသောကျနော့်အဘို့ ထူးဆန်းဘွယ်ရာဖြစ်နေတော့သည် နားမလည်အောင်လည်းဖြစ်နေမိသည်။

ကျနော်တရားအားထုတ်နေစဉ် ဗာဦးတယောက်မျှ ကျနော့်နားတွင်မရှိပါ။

တစုံတယောက်သောသူသည် ဖြတ်သန်းသွားလာခြင်း မပြု။

ကျနော်သည် ထိုအသံကြားရပြီးနောက် ဆက်လက်တရားအားထုတ်ခြင်းမပြုတော့ဘဲ တဦးတည်း အတွေးရေယာဉ်ကြောတွင်မျောနေမိတော့သည်။

ကျနော်သည် တရားအားထုတ်ချိန်မှ အပဖြစ်သောအချိန်များတွင် အချိန်ကို အလဟဿမဖြစ်စေဘဲ တရားအားထုတ်ခြင်းကို

အထောက်အကူဖြစ်စေသော တရားစာအုပ်များ၊ သမထကျမ်း များကိုဝယ်ယူလေ့ကျက်ရသည်။

ကျွန်တော်လေ့လာ မှတ်ကျက်ရသော သမထကျမ်း အစောင်စောင်များမှ ကောက်နုတ်၍ သမထကျင့်စဉ် များကို ပါရမီရှင်များလေ့လာဖတ်ရှုနိုင်ရန် အနည်းငယ် ဖော်ပြလိုက်ပါသည်။

## သမထ (၀၁) သမာဓိတည်ဆောက်ခြင်း

သမဓိဟူသည်မှာ သမဓါနဟူသော အနက်ကြောင့် သမာဓိဟူ၍ဆိုအပ်၏။ အဓိပ္ပါယ်မှာ တခုတည်းသော အာရုံ၌ စိတ်တသိတ်တို့ကိုအညီအညွတ်ဖရိုဖရဲမကွဲမပြား စေအောင် ကောင်းစွာထား သောတရား (၀၁) ကျင့် စဉ်သည်သမာဓိမည်၏။

သမာဓိ၏သဘောတရား လက္ခဏာ မှာ အထူးထူး သောအာရုံတို့ကိုးမပျံ့လွင့်စေခြင်း သဘောလက္ခဏာရှိ၏ စိတ်ကိုထိုထို၌ကြံ၍ သောအာရုံသို့ ပြန့်လွင့်စေတတ်သော အခြင်းအရာကို ဖျက်ဆီခြင်း အကြောင်းရှိ၏၊ ဖျက်ဆီး နိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံပေ၏၊ မတုန်မ လှုပ်သောအားဖြင့် ဉာဏ်အား ရှေ့ရှုစေခြင်း ကိုလည်း ဖြစ်စေ၏။

## ထိုင်ပုံ ထိုင်နည်း၊ ယောဂ ကျင့်နည်းများ

(၁) ပဒုမ္မာသန(ကြာပွင့်သဏ္ဍာန်ထိုင်နည်း)
(၂) သိဒ္ဓါသန(ခိုင်ခန့်စွာထိုင်နည်း)
(၃) သဝါတိကာသန(ကြီးပွါးအောင်ထိုင်နည်း)
(၄) သုခါသန(ချမ်းသာသလိုထိုင်နည်း)

## သမာဓိထူထောင်ရာတွင်ခန္ဓာကိုယ် ကြံ့ခိုင်ရေး

စိတ်ဓါတ်ထွားကြိုင်းသန်စွမ်း ပျိုးထောင်ရာ၌ ခန္ဓာကိုယ်အစိတ်အပိုင်း များကို လျစ်လျူရှု၍ မရပေ၊ ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို ပြုလုပ်ပေးရသည်။

## သမထဘာဝနာနှင့် ကမ္မဋ္ဌာန်းများနှင့် စရိုက်ခြောက်ပါး

သမထ ဘာဝနာဆိုသည်မှာ ကမ္မဋ္ဌာန်း လေးဆယ်တွင် တပါးပါးသောကမ္မဋ္ဌာန်းကို စူးစိုက်အားထုတ်ခြင်းဖြင့် ပြေးလွှားပြန့်လွင့်နေသော စိတ်ကိုငြိမ်ဝပ်တည်တံ့လာစေရန် အားထုတ်ခြင်းဖြစ်ပေသည်။

ခပ်သိမ်းသော စိတ်သဘာဝတို့သည် အဖက်ဖက်တွင် အယုတ်အလွန်မရှိ ပကတိ ညီညွတ်မျှတ နေမှသာ ငြိမ်သက်တည်ကြည်လာနိုင်ပေသည်။

စိတ်ဓါတ်အညီအညွတ်အမျှအတာဖြစ်နေစေရန်အလို့ငှာ၊ သံယောဇဉ်(သို့မဟုတ်)အနှောက်အယှက်တို့ကြောင့် တနည်းတဖုံယိမ်းယိုင်နေခြင်း မှကင်းရှင်းရပေမည်။

သို့ဖြစ်လေရာ ဒေ့ရေအတွက် အားဖြင့် ကမ္မဋ္ဌာန်း ပေါင်းလေးဆယ်မျှရှိနေသော်လည်း ပုဂ္ဂိုလ် အစားစား အလိုက်လုန့်ကဲ့သော စရိုက်အား လျော်သည့် တခု တည်းသော ကမ္မဋ္ဌာန်းကိုသာ ရွေးချယ် ကောက်နှုတ် အားထုတ်ရန်လိုအပ်ပေသည်။

### ကသိုဏ်း ၁၀ မျိုး

၁။ ပထဝီကသိုဏ်း — မြေကိုရှုကြည့်ခြင်း၊

၂။ အာပေါကသိုဏ်း — ရေကိုရှုကြည့်ခြင်း၊

၃။ တေဇောကသိုဏ်း — မီးကိုရှုကြည့်ခြင်း၊

၄။ ဝါယောကသိုဏ်း — လေကိုရှုကြည့်ခြင်း၊

၅။ နီလကသိုဏ်း — ညိုသောအဆင်းရှိသော ရုပ်ဝတ္ထုကို ရှုကြည့်ခြင်း၊

၆။ ပီတကသိုဏ်း — ရွှေသောအဆင်းရှိသောရုပ်ဝတ္ထုကို ရှုကြည့်ခြင်း။

၇။ လောဟိတကသိုဏ်း — နီသောအဆင်းရှိသော ရုပ်ဝတ္ထုကို ရှုကြည့်ခြင်း၊

၈။ ဩဒါတကသိုဏ်း — ဖြူသော အဆင်းရှိသော ရုပ်ဝတ္ထုကို ရှုကြည့်ခြင်း၊

၉။ အာလောက ကသိုဏ်း လရောင် နေရောင် ကို ရှု
ကြည့်ခြင်း၊

၁၀။ ပရိစ္ဆိန္နာကာသ ကသိုဏ်း အပေါက် အကြား
အာကာသကို ရှုကြည့်ခြင်း။

## အနုဿတိ (၁၀) ပါး။
## (အဖန်ဖန်ပွါးများအောက်မေ့သောသတိ)

ဗုဒ္ဓါနုဿတိ-- (ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အဖန်ဖန်အောက်မေ့ခြင်း)

ဓမ္မာနုဿတိ– (တရားတော်၏ ဂုဏ်ကျေးဇူးကိုအဖန်ဖန်အောက်မေ့ခြင်း)

သံဃာနုဿတိ–(သံဃာတော်၏ဂုဏ်ကျေးဇူးကို အဖန်ဖန်အောက်အောက်မေ့ခြင်း)

သီလာနုဿတိ–(မိမိထိန်းသိမ်း စောက်ရှောက် အပ်သော သီလကို အဖန်ဖန် ဆင်ခြင် အောက်မေ့ခြင်း)

စာဂါနုဿတိ–(မိမိပြုခဲ့ဘူးသည့် ဒါနအစုစုကို အဖန်ဖန် ဆင်ခြင် အောက်မေ့ခြင်း)။

ဒေဝတာနုဿတိ–(နတ်ပြဟ္မာ အပေါင်းတို့၏ ဘ၀ ဟောင်း က ကုသိုလ်- ပညာအစုစုဂုဏ်ကျေးဇူးတို့ကို အဖန်ဖန်အောက်မေ့ခြင်း)

ဥပသမာနုဿတိ–(နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အဖန်ဖန် အောက်မေ့ခြင်း)

မရဏာနုဿတိ–(သေခြင်းကိုအဖန်ဖန်အောက်မေ့ခြင်း)

ကာယဂတာနုဿတိ– (ဆံပင်၊ မွေးညှင်း၊ လက်သည်း၊ ခြေသည်း စသည့်(၃၂)ပါးသော ကောဋ္ဌာသကို အဖန်ဖန်အောက်မေ့ခြင်း)

အာနာပါနုဿတိ–(နှာခေါင်းမှ ထွက်လေ ဝင်လေ ကိုအာရုံပြုသောသတိ)

### ဗြဟ္မာဝိဟာရ(၄)ပါး

မေတ္တာ– (ချစ်ကြည်လေးမြတ်ခြင်း)

ကရုဏာ– (သနားသက်ညှာခြင်း)

မုဒိတာ– (သူတပါးတို့ကြီးပွါးချမ်းသာခြင်း၌ဝမ်းမြောက်ခြင်း)

ဥပေက္ခာ– (မုန်းချစ်မဟူ- တပါးသူကို- တန်းတူထားရှိခြင်း)

### စရိုက်(၆)ပါးအားအသီးသီးလျော်သော ကမ္မဋ္ဌာန်းများ

ကျွန်ုပ်ပြဆိုခဲ့ပြီးသည့်အတိုင်း၊ သမာဓိထူထောင်ရာတွင်ပျပ်ဝပ်ငြိမ်သက်သော စိတ်မျိုးကို ရရှိစေရန်အထူးလိုအပ်ပေသည်။

အောက်တွင် ဖော်ပြသားသည့်စရိုက် (၆)ပါး တို့အနက်၊ တစုံတခုသော စရိုက်လွန်ကဲမှု မရှိမှသာလျှင် စိတ်သည် ငြိမ်ဝပ်ပျပျ နိုင်ပေသည်။

သို့ဖြစ်သည့်အတွက် လွန်ကဲသည့်စရိုက် သဘောတို့ကို အခြေခံ အထောက်အထား ပြုပြီးသည့်ကာလ၊ ပုဂ္ဂိုလ် အစားစား အားလျော်သော ကမ္မဋ္ဌာန်းတို့ကိုရွေးချယ်ရပေသည်။

အသီးသီးလွန်ကဲစွာခြားနားသည့်စရိုက်၆-ပါးအမျိုးအစားတို့မှာ........ ...

၁။ ရာဂစရိတ - (ဝတ္ထုကာမ - ကိလေသာကာမ တို့၌လွန်ကဲစွာ ကပ်ငြိတတ်သော ပုဂ္ဂိုလ်)

၂။ ဒေါသစရိတ - (အာဃာတ - ဣဿာ - မစ္ဆရိယ - စသည်တို လွန်ကဲသည့်ပုဂ္ဂိုလ်)

၃။ မောဟစရိတ – (ထိုင်းမှိုင်း တွေဝေ ခြင်း ၌လွန်ကဲသည့် ပုဂ္ဂိုလ်)

၄။ သဒ္ဓါစရိတ - (ယုံကြည်လွယ် လေ့ရှိသောပုဂ္ဂိုလ်)

၅။ ဝိတက္ကစရိတ - (စိတ်ကူးယဉ်တတ်သောပုဂ္ဂိုလ်)

ရာဂစရိတ။ ။ရာဂစရိတပုဂ္ဂိုလ်သည်၊ အလှအပကိုခုံမင်နှစ်သက်တက်၏။

သို့ဖြစ်ရာ -လွန်ကဲနေသော စရိုက်တို့ လျော့ပါးပြီး သည့်ကာလ၊ စိတ်သဘာဝ အညီအညွတ် ဖြစ်စေရန်အလို့ ငှာ၊ သတိစင်အာရုံ နိမိတ် ဖြစ်သော မနှစ်သက်ဖွယ်အဆင်းကို ကြည့်ရှုရပေသည်။

အသုဘ(၁၀) ပါးနှင့် ကာယဂတာသတိကို အားထုတ်ရပေသည်။

**ဒေါသစရိတ**။ ။ဒေါသစရိုက်လွန်ကဲသည့်ပုဂ္ဂိုလ်သဏ္ဌာန်ဝယ်၊ တော်လှန်တိုက်ခိုက် ဖျက်ဆီးလိုသော ဒေါမနဿများပြည့်နှက်၍နေလေသည်။

သို့ဖြစ်ရာ၊ ထိုစိတ်များလျော့ပါးသွား စေရန် အလို့ငှာ၊ မေတ္တာ- ကရုဏာ၊ မုဒိတာ- ဥပေက္ခာ တည်းဟူသောဗြဟ္မစိုရ် လေးပါး ကမ္မဋ္ဌာန်း တရား တို့ကို အားထုတ်စီးဖြန်းအပ်ပေသည်။

နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ - ကသိုဏ်းများ နှစ်သက်ဖွယ်သော အဆင်း အရောင်တို့ ဖြစ်လေရာ၊ ဒေါသစသည့် စရိုက်ဆိုးတို့ ပျောင်းညွတ်စေရန် အတွက် သင့်လျော်လှပေသည်။

**ဝိတက္ကစရိတနှင့်မောဟစရိတ**။ ။ဝိတက္က စရိုက်ရှိသော ပုဂ္ဂိုလ်စင်စိတ်သည် ရပ်တည်မရ လှုပ်ရှားလှပေရာ၊ ၎င်းပြင် မောဟ စရိုက်ပုဂ္ဂိုလ် သည်လည်း ပျင်းရိ

ထိုင်းမှိုင်းလှပေရာ၊ ၎င်းတို့အတွက် အာနာပါနာ နုဿတိ ကမ္မဋ္ဌာန်းကိုပြဋ္ဌာန်းရပေသည်။

အာနာပါနာနုဿတိသည်ထွက်လေဝင်လေပဋတ်တိုက် သွားရာနှာသီးဖျား၊ သို့မဟုတ် အထက် နှုတ်ခမ်းများ၌ အာရုံကိုစူးစိုက်ထားခြင်းဖြင့် တဖျည့်တပါး ပြေးလွှားနေ သော စိတ်ကိုထိန်းချုပ် ထားနိုင်ပေသည်၊ အမြဲတစေ သတိကိုဆောင်ရွက်နေရသည် ဖြစ်ရာ၊ ပျင်း ရိ ထိုင်း မှိုင်း ခြင်းများလည်းလွင့်ပါးသွားနိုင်ပေသည်။

သဒ္ဓါစရိတ။ ။သဒ္ဓါစရိုက်ပုဂ္ဂိုလ် ၏ သဏ္ဍာန်ဌမှု၊ ကောင်းမြတ်သော စိတ်စေတနာ သဒ္ဓါတရား တို့သည် အမြဲစေ့ရေ၊ ကိန်းမွေ့၍နေလေသည်၊

ဂုဏ်တော်ကိုချီးကျူး၍ ဘုရားဝတ်ပြုခြင်းတို့၌ မွေ့ လျော်လေ့ရှိ၍၊ ကျမ်းကြီးကျမ်းခိုင်များဟောင် လာသည့် ပါဠိအနက် စသည်တို့၌ မတုန် မလှုပ်စုပ်စုပ် ယုံကြည် လေ့ရှိတတ်ပေသည်။

သို့ရာတွင် သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်သည်၊ နက်နဲ စွာကြံဆတွေးခေါ်ရမည့် အကြောင်း အရာတို့ကို လက် မခံလိုပေ၊ ပြင်းထန်စွာ ကျင့်ကြံ အားထုတ်ရမည့် ကမ္မ ဋ္ဌာန်းများကိုလည်း မလိုလားပေ။

သို့ဖြစ်သည့်အတွက် သဒ္ဓါစရိုက်လွန်ကဲသောပုဂ္ဂိုလ် တို့အဖို့ ဗုဒ္ဓါနုဿတိ-ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီ

လာနုဿတိ၊ ဒေဝတာနုဿတိ- တည်းဟူသော အနုဿတိ(၆)ပါးတို့သည် သင့်လျော်လှပေသည်။

**ဗုဒ္ဓိစရိတ** ။ဗုဒ္ဓိ စရိုက်ရှိသော ပုဂ္ဂိုလ်မှာမူ၊ ကိစ္စအရပ်ရပ်တွင် အကြောင်းအကျိုး အကောင်းအဆိုး တို့ကိုများစွာဆိုင်ခြင်တတ်၏၊ သတ်ိဝီရိယနှင့်လည်း ပြည့်စုံပေ၏။ ခွဲခြမ်း စိတ်ဖြာ ဆန်း စစ်လေ့ ရှိပေရာ၊ အာဟာရေးပဋိကူလသညာ(ခဲ ဖွယ်ဘောဇဉ်တို့ကို ရွံရှာဖွယ် အဖြစ်ဆင်ခြင်ခြင်း) စတုဓါတုဝ ဝတ္ထာန်(မဟာဘုတ်လေးပါးကိုနှလုံးသွင်းခြင်း) နှင့် မရဏာနုဿတိ(သေခြင်းကိုအဖန်ဖန်အောက်မေ့ခြင်း) တို့နှင့်သင့်လျော်ပေသည်။

**ဒုစရိုက်ဆယ်ပါး**

ဒုစရိုက်ဆယ်ပါးဟူသည်ကား-ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက် သုံးပါးတို့ဖြစ်၏။

ကာယဒုစရိုက်ဟူသည်မှာ ကိုယ်လက်အင်္ဂါတို့ဖြင့်ပြုမူလုပ်ဆောင်သော မကောင်းမှုမျိုးဖြစ်သည်။

သူတပါးကို နှိပ်စက် ညှဉ်းဆဲ သတ်ဖြတ်ခြင်း သူတပါး၏ ပစ္စည်းဥစ္စာကို လုယက်ခိုးယူခြင်း၊ သူတပါး၏ သား-သမီး- ဇနီး- ခင်ပွန်း တို့ကိုပြစ်မှား လွန်ကျူးခြင်း တို့သည်ကာယဒုစရိုက် သုံးပါးပင်ဖြစ်၏။

ဝစီဒုစရိုက်လေးပါး ဟူသည်မှာ နှုတ်ဖြင့် ပြောဆိုပြုမူသောမကောင်းမှု မျိုးဖြစ်သည်။

လိမ်လည်လှည့်ဖြား မမှန်သောစကာကို ပြောဆိုခြင်း၊ ချောပစ်ဂုံးတိုက် ချောက်တွန်း ပြောဆိုခြင်း၊ ရုံ့ရင်းကြမ်းတမ်းစွာ ဆဲဆိုရေရွတ်ခြင်း၊ ကျိုး ကြောင်း မစပ်ရောက်တတ်ရာရာ သိမ်ဖျင်းသော စကား ကိုပြောဆိုခြင်းတို့သည် ဝစီဒုစရိုက်လေးပါးပင်ဖြစ်၏။

မနောဒုစရိုက် ဟူသည်မှာ စိတ်ဖြင့် ကြံစည်တွေးတော၍ ပြုမူသော မကောင်းမှုမျိုး ဖြစ်သည်။

သူတပါး၏ စည်းစိမ်ဥစ္စာကို မတရားသဖြင့် ရယူလိုခြင်း၊ သူတပါးကိုညှဉ်းပန်းနှိပ်စက် ဖျက်ဆီးလိုခြင်း အမှားကိုအမှန်ဟုရင်း၊ အမှန်ကိုအမှားဟုရင်း တွေးမြင်ယူဆခြင်းတို့လည်း မနောဒုစရိုက် သုံးပါးပင်ဖြစ်၏။

ယင်းသို့လျှင် ဒုစရိုက်ဆယ်ပါး၊ အကုသိုလ်တရားစုကိုပိုင်းခြား သိမှတ်ထား သင့်ပေသည်၊ ၎င်းတို့ကို မကောင်းမှုများ ဟူ၍ရင်း မကောင်းကျိုး ဖြစ်စေဘတ်သည့် အကြောင်းများဟူ၍ရင်း အမှားများအပြစ်များဟူ၍ရင်းဗုဒ္ဓကညွှန်ပြတော်မူသည်။

ကျွန်ုပ်တွေ့ရှိသော သမထကျမ်း သမာဓိနှင့်ပတ်သက်သော စာပေ အကြောင်းအရာများကို လက်လှမ်းမှီသလောက် ရေးသား ဖော်ပြအပ်ပါသည်။

ယင်းအကြောင်းအရာများသည် သမထ လိုက်စားလေ့ကျင့်လိုသော ပုဂ္ဂိုလ်များအတွက် အထောက်အကူဖြစ်ပါသည်။

## ( ၄ )

မုတ်သုန်မိုးဦး မြူးကြွပြုလေသည်။

မိုးဦးကာလမို့ နံနက်ဦးလေသည် အေးအေးညှင်း ညှင်းတိုက်ခတ်နေ၏။

မိုးကိုကြိုသည့် မြက်ညွန့်ကလေးများက စိမ်းနုရောင်

ခြယ်ကာစိုပြေလန်းဆန်းနေကြ၏။ မြက်ပင်မြက်ညှန့်တို့ အဖျားဝယ်တောက်ပ၍နေကြ၏။

သဘာဝပတ်ဝန်းကျင်၏ အလှကိုကြည့်ရသူကျနော် စိတ်ကကြည်နူးမိသည်။

ယနေ့သည် ရုံးပိတ်၏။

တရားအားထုတ်ရာ၌ယခုအချိန်ပိုရသည်။ ပတ်ဝန်းကျင် ကတိတ်ဆိတ်၏။ ထိုတိတ်ဆိတ်ခြင်းကိုကျနော်ကနှစ်သက် မိသည်။

ထိုနောက် တရားအားထုတ်ရန် ပြင်ဆင်လိုက်သည်။ သို့တစေကျနော့်စိတ်က သန့်ရှင်းသည်၊ ရုပ်၏ဖုံးလွှမ်း ထားသော ဝတ်ကြောင်ကြောင့် ဒွိဟစိတ်များဖြစ်ပေါ် လာပါသည်။

ထိုကြောင့် မညီမ်သက်သော စိတ်၏လှုပ်ရှားခြင်းကို ခံစားရပါသည်။ သို့သော်လည်း အပြင်စိတ်၏လှုပ်ရှား ခြင်းကိုအတွင်းစိတ် စင်ကြယ်မှုက အနိုင်ယူလိုက်သည်။

ဤသို့ ကမ္မဋ္ဌာန်းတရားအားထုတ်သည်။ သမထကျမ်း စာအုပ်များ ဖတ်ထားသူကျနော့်မှာ ယခင်ကလိုမဟုတ် ပေ။

(ပဒုမ္မာသန) ကြာပွင့်သဏ္ဌာန် ထိုင်နည်းမျိုးကိုထိုင် လိုက်သည်။

မျက်စိကိုစုံမှိတ်ပြီး ထွက်သက်ဝင်သက်ကို ခပ်မှန်မှန်

ခပ်လေ့းလေးရှူလိုက် ထုတ်လိုက် ပြုလုပ်ခြင်းဖြင့် ထွက်သက်ဝင်သက်ကိုမှန်ကန်မှုရရှိရန် အတွက်လေ့ကျင့်နေရသည်။

အချိန်အနည်းငယ်ကြာညောင်းခဲ့သည်။

တဝီဝီနှင့်မြည်အော် ပြေးလွှား နေသော ခြင်တွေ၏ ကိုက်ခဲခြင်းကိုခံလိုက်ရပါသည်။ သူတို့၏နှုတ်ချွန်များက ကျနော်၏ အသားများပေါ်တွင်ဇိမ်ယူပြီး သွေး များ စုတ်ယူကြသောကြောင့်၊ ၎င်းတို့အားရိုက်နှက်ခြင်း မ ပြုဘဲအသက်ကိုခပ်ပြင်းပြင်း၊ ခပ်သန်သန် ရှူရပြန်သည်။

ဒါကြောင့် ငြိမ်လိုက်၊ လှုပ်လိုက် ဖြစ်နေသော ကျနော်၏ ကိုယ်ပေါ်တွင် ခိုနားနေသော ခြင်များ၏ရန် မှကင်ဝေးခဲ့ပါသည်။

ကျနော်သည် ထွက်သက်၊ ဝင်သက် လေ့ကျင့်ရသည်မှာ မိမိရှူသွင်းလိုက်သော လေသည် ခန္ဓာကိုယ်အတွင်းသို့တချိန်တည်း ရောက်အောင်ပို့ဆောင်ပြီး ၎င်းလေကို တပြိုင်တည်း ပြင်ပသို့မှုတ်ထုတ် လိုက်သည်။

ထိုရှူခြင်း ရှိုက်ခြင်းကို ဖြည်းဖြည်း လေးလေးပြုလုပ်ပေးပြီး သောအခါတွင် အသက်မရှူဘဲ အလိုလိုငြိမ်လျက်သားရှိနေတော့သည်။ ထိုငြိမ်လျက်ရှိသော အချိန်တွင် သမာဓိအားကို အရဖမ်းယူချိန်ပင်။

ဆိုလိုသည်မှာ ဘဝင်ကျသော အချိန်ဖြစ်သည်၊

မည်သည့်အရာတခုမှ ပြင်ပ၏ အတွေးအခေါ်များ မစဉ်စားမိ၊ တခုတည်းသော အာရုံကို ခံစားယူမိသည်။ အခြားတော့မဟုတ်ချေ။ (မြတ်စွာဘုရား၏ငြိမ်သက်သော စိတ်ပေါ်တွင်) ဂုဏ်တော်တပါးတော့ပွါးနေဘော့သည်။

ကြာရှည်တော့ မဟုတ်ပေ၊ အနည်းငယ်ပင် စိတ်၏ စင်ကြယ်မှုကိုရရှိတော့သည်။

၎င်းလေ့ကျင့်ခဏ်များကိုရက်မှလသို့ကြာညောင်းစွာ လေ့ကျင့်ဖန်များလာသော အခါတွင် စိတ်၏စင်ကြယ်မှုကြောင့် ရှေးယခင်ကပင် ရောထွေးယှက်တင် အရောင်အဆင်းများနှင့် ညစ်ညူးသောစိတ်များက ကျနော်၏ အာရုံကိုဖုန်းလွှမ်း၍မရတော့ချေ။

ယခုအချိန်တွင် ကျနော်၏အာရုံသည် ထူးထူးခြားခြားကြည်လင်၍တည်ငြိမ်လျက်ရှိတော့သည်။

ဥပမာ=မှုံယိုသောအင်ကို ကျူးခတ်ခံရသကဲ့သို့ ကျနော်၏ စိတ်ကွင်းလည်း မြတ်စွာဘုရား၏ ဂုဏ်တော်တပါးကို ချည်နှောင်ထားလိုက်သဖြင့် အတွင်းစိတ်၊ အပြင်စိတ် ဟူ၍ နှစ်မျိုး ရှိရာတွင် အပြင်စိတ်သည် အထိန်းရလွယ်၏။

အတွင်းစိတ်သည် အလွန်ကြောက်စရာကောင်းသည် ဟူ၍စိတ်ပညာဘဆရာကြီးများက ၎င်းစိတ်ကို စိတ်ရိုင်းဟု အမည်ပေး၏ အတွင်းစိတ်များသည်လောဘ၊ ဒေါသ၊ မောဟ၊ များကိုဖြစ်ပေါ်အောင်ပြုလုပ်နိုင်သည်။

ဆရာတော်တပါး ရေးသားထားသော စာအုပ်မှ အောက်ပါအတိုင်း စိတ္တာနုပဿနာ အကြောင်းကို ကျနော်မှတ်သားမိပါတော့သည်။
၎င်းတို့ကား–

စိတ္တာနုပဿနာ

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ်၊ တောစိတ်
} အပြင်စိတ်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
} အတွင်းစိတ်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်
} အိမ်သည်စိတ်

၎င်းစိတ္တာနုပဿနာကို ပြန်လည်သုံးသပ်ကြည့်သော အခါကျနော်ကျင့်၍ နေသောစိတ်သည်ငြိမ်မှုသည် အစ

ပျိုး၊ ကန့်ဦးလေ့ကျင့်၍ ရသောတရားပင် ဖြစ်တော့သည်။

ဤသို့အပြင်စိတ်၊ အတွင်းစိတ်လှုပ်ရှားပုံကို တနည်းတဖုံသိခွင့်ရသောကျနော်မှာ အပြင်အာရုံဖြစ်မှု မှန်သမျှအား အနည်းငယ် ပါယ်ရှားခွင့်ရတော့သည်။

မြင်မြင်သမျှမမြဲ၊ တည်တံ့မှုမရှိခြင်း၊ ရုပ်ဝတ္ထု အသစ်များသည် အဟောင်းတဖန် ဖြစ်၏။

မဖြစ်သေးသော ရုပ်ဝတ္ထုပစ္စည်း များသည်သစ်ဆန်းမှု၊ လှပမှု၊ နှစ်သက်ဖွယ်ကောင်းသော ပစ္စည်းသစ်အဖြစ်ရောက်၏။

ဤသို့ ရောက်လာခြင်းသည် အဟောင်းအဖြစ်သို့ ရောက်ရှိရန်ဖြစ်သည်ကို မိမိစိတ်က သိလာသည်၊ ထင်လာသည်။

ထို့ကြောင့်ပြင်ပ ရုပ်ဝတ္ထု ပစ္စည်းများ နောက်သို့ ကျနော့်စိတ်က မလိုက်တော့ပေ။ အစား အသောက်ကို မြိုးမြိုး၍ စားနိုင်သော အလေ့အထကို မွေးမြူနိုင်ကာ ရောင့်ရဲတင်းတိမ်နိုင်ခဲ့သည်၊

မြင်သမျှ၊ တွေ့သမျှ၊ ကြားသမျှ၊ နေ့စဉ် မိမိနှင့်တွေ့ထိရသောအကြောင်းအရာ ဖြစ်ပေါ်သမျှကို ညည်းငွေ့စပြုလာတော့သည်။

ထိုကြောင့် နံနက်စောစော ရွှေတိဂုံဘုရားသို့သွား

၍ တရားအားထုတ်ရန် စိတ်ကူးပေါ်လာပါတော့သည်။ သို့သော်လည်း ကျနော်သည် အစိုးရအမှုထမ်းတဦးဖြစ်သောကြောင့် တာဝန်နှင့်ဝတ္တရားကကျနော့်ကိုအဟန့်အတားဖြစ်စေပါသည်။

ကျနော်သည် ရုံးချိန်ကုန်ပြီးမှညနေဘက်တွင်ရွှေတိဂုံဘုရားရင်ပြင်ပေါ်သို့ခြေချခွင့်ရသည်။

ဤအချိန်တွင် တခါဖူးမျှတွေ့ကြုံခွင့်မခံစားဘူးသော နှလုံးသား၏ အေးငြိမ်းချမ်းသာယာမှုမျိုးကို ခံစားရသဖြင့် စိတ်ဘဝင်တွင် ပီတိလွှမ်းခြုံလျက်ရှိပါတော့သည်။

ပီတိဖြာမဝသော စိတ်အစဉ်၏ကြည်နူးမှုက ရွှေသား ပကတိ ဖုံးလွှမ်းသည့် ရွှေတိဂုံ စေတီတော်ကြီးနှင့် ဝန်းကျင်ရှိစေတီ၊ ပုထိုးများကိုကြည့်ရှုနေရခြင်းမှာ ကျနော်၏ စိတ်ကိုနူးညံ့စေခဲ့ပါသည်။

အကြောင်းမှုကျနော်သည် နီးရက်နှင့် ဝေးနေသော ဤနေရာနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ခရီးစဉ်၊ ဤသို့အကြောင်း၊ ထိုသို့အကြောင်းကြောင့် မြင့်မြတ်သော တည်နေရာ၊ မနိုင်းယှဉ်အပ်သော နေရာသို့တနှစ်တခေါက်ဆိုက်ရောက်ပင်၊ ဤနေရာသို့ ရောက်ရှိခဲ့သည်မှာကြာမြင့်ခဲ့ပါသည်။

တခေါက်မှနှစ်ခေါက်ကို၊ ကျနော်သည်မြတ်ရွှေတိဂုံကုန်းပေါ်သို့ ရောက်ရှိခဲ့ပါသည်။

ဤအချိန်တွင်ကျနော့် အဖိုးကြီးကန်းတောင်းမှောက်

သကဲ့သို့ မျက်စေ့အစုံက ဟိုကြည့်ဒီကြည့် သိကောင်းစရာများနှင့် သိလိုသော ပုဂ္ဂိုလ်များ တွေ့နိုးနိုး။

တန်ဆောင်းများထဲမှ တန်ဆောင်း ဝိဇ္ဇာတန်ဆောင်း ထိုတန်ဆောင်းသို့ ကျနော်ရောက်ရှိသည်။

ထိုတန် ဆောင်း အတွင်းမှာ လူအနည်းငယ်ရှိသည် သိတ်တော့မများ။

ထိုလူထဲမှ လူတဦး။

သူ၏ ဥပတိချပ်မှာ အသားဖြူသည်၊ ခန့်ညားသည် မုတ်ဆိတ်မွေးထူလဗျစ်နှင့် သင်ခေါင်းဆိုးရောင် အညိုကိုဝတ်ဆင်ထားပြီး ယောဂီသဘက်ကလေးကို လည်ပင်းတွင်ပတ်ထားလေသည်။

သူ၏မျက်လုံးအစုံသည် ပတ်ဝန်းကျင်သို့ တစေ့တဆောင်းကြည့်နေသည်။

ကျနော်သည် ထိုတန်ဆောင်းတွင်းရှိ ဘုရားများကို ဝတ်ပြုပြီးတပြန်ရန်အပြု ထိုသူ၏ခေါ်လိုက်သောအသံကြောင့်သူ၏ အနားသို့ရောက်ရှိသွားပါသည်။

ဆရာနှင့်ကပည့်ထိုင်သကဲ့သို့ သူ့နားတွင်ကျုံ့ကျုံ့ကလေးထိုင်လျက်ရှိပါသည်။

သူပြောသောစကား၊ သူ၏သမာဓိ၊ သူ၏ကျင့်ကြံခဲ့ပုံကို အကျယ်တဝင့် ပြောပြပါသည်။

ကျနော့် အလုပ်အောင်ပြ ညာအရည်အချင်းတို့ကို ရှေးဖြစ် နောက်ဖြစ် အကြောင်း တွေ့ ကဟော သေးသည်။

သို့သော် သူပြောသောစကားများက ကျနော့်အတွက်မမှန်ကန်ချေ။

ကျနော်သည်သူ့နေရာမှထွက်ခွာရန်ပြင်ဆင်လိုက်တော့သည်။

ထိုအချိန်တွင်........

"ငွေတကျပ်လောက် ပေးခဲ့ပါ"

သူ၏စကားသံကြောင့် ကျနော့်အတွက် အဟန့်အတား ဖြစ်စေပါသည်။

ကျနော့်အိပ်ထဲရှိငွေကို ပြန်လည်ရေတွက်မိပါသည်၊ သူတောင်းသော ငွေ တကျပ်သာ ရှိသည်၊ ကျနော် ပြန်စရိတ်က လိုသေး၊ ဒါကြောင့် သူ့အတွက် ငါးမူးတော့ လှမ်းပေးလိုက်သည်၊ ထိုအချိန်တွင် သူ၏မျက်နှာတပြင်လုံးသည် မြူးရွှင် သန်းလျက်ရှိနေသည်။

"မင်းပေးမှ ငါ လသောက်ရည်သောက်ရတော့မှာ"

ဤစကားဆုံးသည်နှင့်တပြိုင်နက် ကျနော်သည် တန်ဆောင်းအပြင်ဘက်သို့ ရောက်ရှိလာပါတော့သည်၊

## (၅)

ကူး လူး ဖြတ်သန်းခဲ့ရသော ရက်, လ, တွေ ကုန်ဆုံးခဲ့တော့ ကျနော့် အသိတရားများက တနေ့နှင့်တနေ့မတူတော့ချေ။

တိုးတက် လာခဲ့သည်၊ ယခင် အစား အပြု အမူ မျိုးတော့ မဟုတ်ပေ။

ဘုရားစင်ရှေ့ ရောက်သောအခါတွင် ဘုရားဝတ်မပြုမီ မိမိဘဝကို ပြန်လည်သုံးသပ်ချက်ပြုသည်။

ရုပ်,ခန္ဓာ မမြဲသော သဘောဘရေးကို အဖန်ဖန် ပြန်လည်သုံးသပ် စဉ်းစားမိတော့သည်။

ဤတော့ ကြောက်စိတ် ဝင်လာသည်၊ သေခြင်းတရားကို ကွက်ကွက်ကွင်းကွင်း မြင်လာသည်။ သေဆုံးသွားကြသော ညီအကို မောင်နှမ ဆွေမျိုးသားခြင်းတွေ၏ အနိစ္စ မမြဲတဲ့ သဘောတွေကို ပြန်လည် စဉ်းစားမိရင်း စိတ် ၏ ရောင် ပြန် ဟပ် မှု ကို ငါလည်း တနေ့ ဒီလိုဘဲသေရအုံးမှာဘဲ။

ထို့ကြောင့် သံဝေဂ တရားများ တဖွားဖွား ပေါ်လာ ပါတော့သည်။

ဤနေရာတွင် ကျနော် ဆုံးဖြတ်ချက်တခုတော့ ချမိသည်။

အကြောင်းက ဒီလို-

ကျနေသည် ကျန်းမာနေ၍၊ စားဝပ်နေရေးအတွက် အလုပ်ကလုပ်နေသည်၊ နေ့စဉ် ဝမ်းရေးအတွက်ဖူလုံ၍၊ ဝတ်ဆင်မှုအတွက်ဖူလုံ၍၊ ယင်းကား အိပ်ချိန်နှင့် အလုပ်လုပ်ချိန်ကိုနုပ်ပြီး ပိုနေသောအချိန်ကို အချည်းနှီး မဖြစ်ရန် ထိုအချိန်ကို တရား အားထုတ်ရန် ဆုံးဖြတ်လိုက်ပါသည်။

ဤလိုသောအတွေးက မသေခင် မြတ်စွာဘုရား၏ ရှေ့မှာ ဖြူစင်သောစိတ်ကို မွေးမြူရတော့မည်။

အကယ်၍ ငါတယောက် မူးမူးရူးရူးနှင့် သေဆုံး သွားပါက အပယ်ဘုံသို့ ရောက်ချေမည်ဟူသော အသိစိတ်၏ပဲ့ပြင် ဆုံးမမှုကို ခံစားနေရတော့သည်။

ထိုမှ ကျနော်သည် အနန္တော အနန္တ ငါးပါး၏ဂုဏ်ကျေးဇူးကို သေချာစွာ အာရုံခံ၍ ဝတ်ပြုမိသည်၊ ၎င်းနောက် ကျနော် ရုပ်,နာမ် နှင့်ပါး ခန္ဓာ ငါးပါးကို ဘုရား-တရား-သံဃာ တို့အား လှူတန်းလိုက်ပါတော့သည်။

အားထုတ်မှုအချိန်က ယခင်ကထက် တိုးတက်လာသည်၊

ဒီတော့ အာရုံက ကြည်လင်လာသည်။

ဆူညံမှုကင်းမဲ့သောကြောင့် ကျနော့်အတွက် တရားအားထုတ်ရသည်မှာ သမာဓိအား ပိုမိုရရှိခဲ့ပါသည်။

တနေ့ ကျနော် တရားအားထုတ်နေခိုက်-

တနာရီနီးပါးခန့်ရှိမည်ထင့်၊ ယခင်တကြိမ်ကအသံရှင်၏အသံကို ပီပီသသကြီး အမိန့်သံပမာ နားဝမှာ ကြားရပြန်တော့သည်။

"မနက်ဖြန် ရွှေတိဂုံဘုရားပေါ်ရှိ ရှင်အစ္စဂေါနတန်ဆောင်းကို လာပြီးတရားအားထုတ်"

ထိုအသံကိုကြားလိုက်ရသော် ကျနော့်အဖို့မှာ ပထမအကြိမ်ကြားလိုက်ရသောအခါက ခံစားခဲ့ရသော ခံစားမှုမျိုး မဖြစ်ပေါ်တော့ပါ၊ အသံလာရာသို့လှည့်၍လည်းမကြည့်၊ စနိုးစနောင့်လည်းမဖြစ်၊ ထိုအသံကြားရပြီးနောက် ကျွန်ုပ်သည် တရားအားထုတ်မြဲ အားထုတ်လျက်။

နောက်တညတွင် ခေါ်သူရှိသည်။

လိုက်သူက လိုက်လို၏။

ဒီညအဖို့ကျနော် ရွှေတိဂုံဘုရားသို့သွားရတော့မည်၊မသွားမီ ကျနော် နောက်ဖေးသို့ ဝင်သွားသည်၊ ဤအချိန်တွင် ကျနော့် နောက်မှ လူတယောက်ကပ်ပါလာပြီထင်။

"မြန်မြန်လာခဲ့- ငါ ဟိုမှာ စောင့်နေမယ်- ယောင်ဝါးဝါး လုပ်မနေနဲ့...."

ဤအသံကို ကြားလိုက်ရပြီးနောက် စကား အနည်းငယ်ပြော မိသည်။

"လာမှာပေါ့ဗျာ-သေချောက်ချင်လို့ပါ"

ဤအသံကြကျယ်လောင်သွားသည် မနီး မဝေးတွင် ရှိသော ကျနော့် ဇနီးသည်မှာ ထိတ်ထိတ်ပျာပျာဖြစ် သွားသည်။

"ဘာဖြစ်လို့ ဝယောက်တည်း စကားပြောနေဒါလဲ ရှင့်အနားမှာလူမရှိဘဲဟာ -"

ဇနီးသည်ပြောသော စကားကို ကျနော်မငြင်းလိုပေ သို့သော်လူမမြင်ရပဲ စကားပြောသံကိုကြားလိုက်ခြင်းကို သူမသိလိုပေ။

သူမ, သိလိုသောအကြောင်းကို ထပ်ဆင့်ရှင်းလင်းရန် ဂလို။

ပြောပြရင်လဲ အချိန်နှောင့်နှေးသွားမည် သွား ရ မည့်ခရီးကမနီး အတော်ကလေးဝေးနေသည်။

ခြေလျင်ခရီးဘော့မဟုတ် မော်တော်ကားဖြင့်ဘွား ရမည်။ ဒါမှမြန်မြန်ရောက်မည် ၁၅ ပြားလမ်းဇရီးဆို တော့အချိန်အနည်းငယ်ကုန်မည်။

ရွှေတိဂုံကုန်းပေါ်သို့ရောက်လာ၏။

အသံရှင်ပြောသောစကားကိုတော့ ကျနော်မသိ အ ခက်ကြုံရသည် မသိသောအလုပ်မျိုး လုပ်ကိုင် ရမည်မှာ အလွန်စိတ်သောကရောက်သည်။

လူတွေကတော့ ဥတဟိုသွားလာနေကြသည်။ လူအများထဲမှတယောက် သူ့ကိုကျနော်မေးကြည့်သည်။သိလိုသောစိတ်ကကျနော်ကိုနှိုးဆွပေးသည်။

သူ၏အဖြေကြောင့် နီးရက်နှင့်ဝေးကွာနေသောနေနေရာကိုတွေ့ရတော့သည် ခြေလှမ်း နှစ်ဆယ်လောက်ဆိုရောက်ပြီ တန်ဆောင်းထဲတွင်ရှိ မီးကြောင်း၏ အလင်းရောင်ကြောင့် လင်းဆိုန်နေသည် အတွင်းရှိရုပ်ပွါးတော်များနှင့်တရားအားထုတ်သူများကို ပိပိပြင်ပြင်မြင်ရသည်။

မကြာမီကျနော်လိုလူအချို့ရောက်လာကြသည်။

ဒါပေလင့် ကျနော်တာ့ ထိုင်ရန် အတွက်လွတ်နေသော တိုင်ခုံတခုကို အရယူထားပြီးနောက် ဘုရားရှင်ခိုးသည်ဟာအားအားထုတ်သည်။

အချိန်ကိုပြောပါမူ နာရီဝက်လောက်တော့ရှိမည်သင့်ဒီအချိန်တွင်သမာဓိအတော်ရချေ ခန္ဓာကိုယ်ငြိမ် သက်ခြင်းဖြစ်လေသည်။

တမျိုးတော့ထူးခြာ နေသည် အာရုံ၏အလင်းရောင်များက ကြည်လင်သည် တိမ်ပြာရောင်နောက်ခံထားပြီး အဖြူရောင် အဆင်းများက ဝင်း တလက်လက်။

ရှုရရှိုက်ရဖန်များတော့ မောလာသလိုလို အသက်ရှူရပ်သွားသလေလားဟုထင်မိသည်။

အမှန်တော့မဟုတ်ပေ ငြိမ်း အေးခြင်း အရသာပင် ထူးခြားသောအသံရှင်က ပေါ်လာသည်ဟုထင်သည်။

သူ့အသံကကျနော့်စိတ်ကိုနိုးဆွပေးသည် တဦး နှင့်

တဦး ထိတွေ့မှုပေါ်လွင်ခြင်း မြင်လောက်သော ရုပ်သဏ္ဍာန်က ဖြစ်ပေါ်မလာချေ။

သူစိတ်နှင့်ကျနော့်စိတ် ဒီတော့သူကပြောသည်။

"မင်းထိုးချင်တဲ့အနန္တော၊ အနန္တ၊ ငါးပါးပွဲထိုးပါး"

ဒီတော့သူပြောသော စကားကိုကျနော်ကစောဒကတက်မိသည်။

"ငှက်ပျောဘယ်နှစ်ဖီးထိုးရမှာလဲ"

"ငှက်ပျောငါးဖီးနဲ့အုံးတလုံးပေါ့"

စသည့်တဦး နှင့်တဦး အပြန်အလှန်ပြောဆိုသော စကားများကရှိသေးသည်။

ဤနေရာတွင် ကျနော့်စိတ်ကပြောလိုသောစိတ်များဖြင့်ပေါ်၍ပြောနေသလား။

ဒါမှမဟုတ်သူကပြော၍ပြောရသလား။

တဦးနှင့် တဦး စိတ်ခြင်း စကားပြောသံကတော့ထူးဆန်းသည်။

ထိုကြောင့်ကျနော်ပွဲထိုးလိုက်သည်။

× × ×

ရည်မှန်းချက်ဦးတည်ရာသည်အနိမ့် အမြင့်များတတ်လှယ်မယောင်နှင့်ခက်ခြင်း တိမ်ခြင်း နက်ခြင်း ကြမ်းတမ်းသည်။

မြစ်ကဲ့သို့ကွေ့ကောက်သည် တောင်များလိုမြင့်မားမတ်စောက်သည် ဒီညတော့ကျနော်သည် နောင်တော်ကြီးဘုရားယင်ပြင်ပေါ်ဝယ် စေတီတော်ကြီးအားပူဇော်ထားသော ဓါတ်မီးအလင်းရောင်မှလွဲပြီး အခြားအလင်း

ရောင်တော့မရှိ အမှောင်ကပတ်ဝန်းကျင်ကို ဖုံးအုပ်ထား
သည်။

အမှောင်ရှိရန်ကိုရှောင်ရန် စိတ်ကူးမိသည် သို့သော်
အလင်းရောင်ကသိပ်မရှိတော့။

နေရာတိုင်းမှာ အမှောင်ရိပ်ကျမြဲ ရှည်ရှည်ဝေးဝေး
တော့မသွား နီးရာတနေရာကို တရားအားထုတ်ရန် စိတ်
ဆုံးဖြတ်လိုက်သည်။

ဤနေရာနှင့် မနီးမဝေး သစ်သားကွပ်ပစ်တော့တွေ့
သည် ကျနော်အလွန် ဝမ်းသာသည်။

တမံတလင်းပေါ်တွင်တရားကြာကြာအားထုတ်မည်
ဆိုပါက၊ အငွှ့ပူရှိနိုင်ကြောင့် ကျနော့်အတွက်စိတ်ပူစရာ
တွေ့ရကောင်း၊ လက်ဝယ်ရရှိထားသော သစ်သားကွပ်
ပစ်ပေါ်တွင်ထိုင်ချလိုက်ပြီးနောက် တရား ထိုင်လိုက်ပါ
တော့သည်။

အချိန်အနည်းငယ်တွင်ကျနော်၏ တကိုယ်လုံး လှုပ်
လှုပ်ရွရွဖြစ်လာသည်။

အကြောင်းကရှိသည် ကျနော်ထိုင်သော ခုံအောက်မှ
ပုရွက်ဆိတ်အုံကြီးရှိနေသည်။ ပုရွက်ဆိတ်ကိုက်ခံရသော
အကြိမ်ပေါင်းမနည်းပေ ဒါကြောင့်ကျနော်၏ခန္ဓာရုပ်က
လှုပ်လှုပ်ရွရွဖြစ်လာတော့သည်။

သူတို့ကကိုက်လေ ကျနော့်ခန္ဓာလှုပ်လေ။

ဒါကြောင့် ခန္ဓာရုပ်မလှုပ်ဘဲနေသောအခါတွင်ပုရွက်
ဆိတ်ကိုက်ခံခြင်းမှ သက်သာသယောင်ယောင် ကျနော့်
စိတ်ကတမျိုးတဖုံပြောင်းလဲသွားတော့သည်။

ရုပ်ပေါ်တွင် ပေါက်ပြန်နေသောကိစ္စမှန်သမျှသည် လစ်လျူရှုနိုင်အောင် အာရုံဘမျိုးပြောင်းလဲလိုက်ရတော့ သည်။

စိတ်နှင့်ရုပ်ခွဲပုံကျင့်သောအခါမှ ပုရွက်ဆိတ်ကိုက်ခဲခြင်း ဒုက္ခကိုလစ်လျူရှုနိုင်သောသည် ပုရွက်ဆိတ်ကိုက်ခဲသော ဒဏ်ကြောင့်မျက်ရည်ဥများသည် ပါးပြင်ပေါ်သို့ ကျဆင်းလာတော့သည်။

အံကိုကြိတ်ပြီး ရုပ်ပေါ်တွင်ပေါ်လာသောဝေဒနာ ကိုအတတ်နိုင်ဆုံးမေ့ပျောက်ပစ်သည်။

ခန္ဓာရုပ်ကိုအာရုံမပြုဘဲအာရုံနှောက်ကိုသာစိတ်က အာ စဉ်လိုက်မြဲ—။

ထို့ကြောင့်

၁။ ကနဦးကစိတ်ကိုမြတ်စွာဘုရား၏ ဂုဏ်တော်ဖြင့် ပွတ်တိုက်နေခြင်းကြောင့် သမာဓိ ထူထောင်နိုင်သည်။

၂။ ယခုတဖန် ပုရွက်ဆိတ်ကိုက်ခဲခြင်း၏ ဒဏ်ကို ဖျောက်ပျက်ရန် ခန္ဓာရုပ်အပေါ် စိတ်ကသည်တန့်မ အောင်းမေ့ အာရုံနမိတ်ပေါ်တွင် အငြင်းစိတ်ကလိုက် ခြင်းကြောင့် ခန္ဓာရုပ်၏ ဖြစ်ပျက်မှန်သမျှကိုမေ့ပျောက် သောနည်းလမ်းစကိုရရှိခဲ့ပါသည့်။

ကျနော်သည်စိတ်ကိုစင်ကြယ်အောင်တရားအားထုတ်၍ ကျင့် ကြံခဲ့သည်။

ယခုတော့ ဤကဲ့သို့ ထပ်သောင်း၍ ထိုင်ရ၊ သွား လာ သည့် နေရာမျိုးတွင် မြတ်စွာဘုရား၏ ဂုဏ်တော်များကို ရွတ် ဆိုသည်။

အစတော့ အတော်ပင် မောသလိုလို၊ ကျင့်ဖန်များ ရွတ်ဖန်များတော့ ဘယ်နေရာ ဘယ်ဌာနတွင်မဆို ကျနော်၏ စိတ်က အလိုလိုပြတ်စွာဘုရား၏ ဂုဏ်တော်တပါးကို ရွတ်ဆိုတော့သည်။

ပမာတခု ဆိုပါက ခေါင်တော်ကားစက် နှိုးပြီး မောင်းသွားသကဲ့သို့ ကျနော်၏ လုပ်ငန်းဆောင်တာ ကိစ္စအဝဝ ပြီးဆုံးသွားပါက အလိုအလျောက် စိတ်က ဂုဏ်တော် တပါးပါးတော့ ပွါးနေမှန်းကျနုပ်သည်။

ကျနော်၏ အတွင်းစိတ် ဂုဏ်တော် ရွတ်ဆိုနေခြင်းကို ပတ်ဝန်းကျင်ကမသိ၊ သိဟန်လည်းမတူ။

အကြောင်းမူ ကိုယ်အမူအရာ နှုတ်အမူအရာ ပေါ်လွင်မှု မရှိတော့ အခြားလူများ က သိနိုင်ရန် ခက်ခဲလှပေသည်။

စိတ်ကို ပြင်ပသို့ ပြန့်လွင့်မသွားစေရန် ဂုဏ်တော် တပါးပါး ရွတ်ဆိုသော အခါလ အခါ ကြောင့် ကျနော့် ကိုယ်ကျနော် အံ့ဩလောက်သော ခံစားချက်မျိုး ခံစားရပါသည်။

အကြောင်းမူ ကျနော်၏ခန္ဓာကိုယ်သည် ဂုဏ်နှင့် ပေါ့ပါးပြီး သွားလာနေသောအခါ အလွန်လျင်မြန်လျက်ရှိသော အထိ အတွေ့ များ ခံစားရပါသည်။

မှတ်ချက်။

အနုဿတိ(၁၀)ပါးတွင် တပါးပါး ပွားများခြင်း၏ အကျိုး ကျေးဇူးပင်ဖြစ်ပါသည်။

(၉)

ရောက်လေ့ရောက်ထ ရှိပါများတော့ တယောက်ကစ တချကို မျက်မှန်းတန်းသူရှိသကဲ့သို့ ရင်းနှီးသူလည်း ရှိလေသည်၊

နေရောင်ပျောက်လုအချိန် ကျွန်တော်သည် တရားအားထုတ်ပြီး တန်ဆောင်းတခုအတွင်း ထိုင်လျက်ရှိသည်။

မကြာမီ ဝတ်ဖြူ စင်ကြယ် ဝတ်ဆင် ထားသူ တယောက် ရောက်လာပါတော့သည်။ အသက်အရွယ် ကြီးရင့်သူ တဦးမို့ သူဝတ်ဆင်ထားသော ဝတ်ဖြူစင်ကြယ်ရောင်က သူတော်စဥ် တဦးအသွင်ပေ၊

သူသည် ကျွန်တော့အား အပြုံးဖြင့် လောကဝတ် ပြုသည်၊ ဒါကြောင့် ကျွန်တော်က ပြန်လည်ပြုံးမိသည်။

သည်နေ့သူ့ အတွက်တရားအားထုတ်ရာတွင်တွေ့ရှိချက်များကို အကျယ်တဝင့် ပြောပြလေသည်။ သူပြောသော စကားအရ လိုရင်းကို တိုတို တုတ်တုတ် ရေးပြရမည် ဆိုပါက သူ တရား အားထုတ်နေချိန်တွင် တဘက်တွင်ရှိ ပုဂ္ဂိုလ် တဦးက သူ့အား အနှောက်အယှက်ပေးသဖြင့် သူ၏လက်တွင်စိပ်နေသော ပုတီးကို တဘက်သို့ ဆွဲဆန့်လိုက်သောအခါတွင် အနှောက်အယှက် ပေး နေသောသူသည် မြေကြီးပေါ်လှ ဘိုးဘိုး လဲကျသွားကြောင်း ကိုပြောပြသည်။

ကျွန်တော်သည် သူပြောသောစကားများကို နားထောင်သူ တဦးအနေဖြင့် ရှိလေသည်၊ ထို့ကြောင့် ကျွန်တော့် နားတွင် ထိုသူသည် ကြာကြာမနေဘဲ ထွက်သွားပါတော့သည်။

သူ ထသွားပြီးနောက် မခေရှးမနှောင်းတွင် လူဘဦး ရောက်ရှိ လာပါတော့သည်၊ သူသည် ကျွန်တော့အား ကရုဏာသံဖြင့် ပြောဆိုပါတော့သည်။

"ဟေ့လူ…" ခင်ဗျာ ကို ဟို--ပိတ်ဖြူ ဝတ်ဆင်ထားသော အဘိုးကြီးက ဘာတွေ ပြောသွားသလဲ…" သူ-သိလိုသောအ ချက်ကို တိုတိုတုတ်တုတ် မေးပါတော့သည်။

"ကျွန်တော့်ကို ဘာမှမပြောပါဘူး....၊သူ-တရားအားထုတ်ရာတွင် တွေ့ကြုံခဲ့သော အကြောင်း အရာ လေးတွေကို ပြောတာပါ"

"သည်လူ့ကို သတိထားဗျာ့၊ ကျွန်တော့ဆီက ရွှေလက်စွပ်တကွင်းယူသွားပြီး ယခုအထိ ပြန်မပေးသေးဘူး"

"ဘာ့ကြောင့် ခင်ဗျားက လက်စွပ်ပေးရသလဲ"

"ကျွန်ဘော့လက်စွပ်ကို ဓါတ်သွင်းပေးမယ်ဆိုပြီး ယူသွားဒါ ယခုအထိ မရတော့ဘူးဗျာ့"

ကျွန်တော်သည် သူ့အား အကဲခတ်ကြည့်မိတော့သည်။

သူ့အပြောနှင့်သူခံစားချက် သူ၏ရုပ်အဘင်းဝယ် ဝမ်းနည်းကြောင်း ပေါ်လွင်နေသည်၊ နှမြောတမ်းတကြောင်းကို တွေ့ရှိရပါတော့သည်။

သူနှင့်ကျွန်တော်သည် ဤနေမှဘပြိုင်တည်းဘလိုက်ပါတော့သည် ကျွန်တော်သွားသောနေရာတွင် သူမပါချေ၊ ကျွန်တော်တဦးတည်းပင်။

ကျွန်တော်သည် တန်ဆောင်းအတွင်းရှိလူငါးဦးထိုင်နေသောနေရာသို့ချည်းကပ်မိသည်။

ထိုသူများပြောသောစကားများ ကြားနိုင်လောက် သည့်နေရာတွင်ထိုင်လျက်ရှိပါသည်။

ထိုသူများထဲမှ တယောက်သောသူကပြောသောစကားများကိုများကနားဘောင်လျက်ရှိနေသည်ကိုတွေ့မြင်ရပါသည်။

"ကျွန်ုပ်ကတော့ ညစဉ်သင်းချိုင်းထဲမှာ အစိဋ္ဌာန်ဝင်တယ်ဗျာ့ ပထမနေ့မှာတော့ ဘာမှစိတ်လှုပ်ရှားမှုမရှိဘူး နောက်ဆုံးညမှာ တတောင်လောက်ရှိတဲ့ မှင်စာကလေးကို ကျုပ်မျက်စိထဲမှာမြင် လာတယ် ဒါကိုကျုပ်မြင်တော့ မကြောက်ပါဘူး နောက်ထပ် ဘာများ ထပ်ပြအုံးမလဲလို့ ကျုပ်ကသပ်ပြီး ကြည့်နေသေးတယ် အကြောင်းမထူးတော့ ကျုပ်ထပြန်လာဒါဘဲ" ............

သူ့စကားအဆုံးတွင် နားထောင်သူထဲမှ တယောက်သောသူ ကပြောပြန်သည်။

"ကျွန်ုပ်လဲ သင်းချိုင်းထဲတရားအားထုတ်ဘူးပါတယ် သည် တုန်းကဆို ညစဉ်ညတိုင်း သစ်ပင်လောက်ရှိတဲ့သူရဲကြီးဟာကျုပ် ရှေ့မှာလာထိုင်နေတာတွေ့ရတယ် ဒါကြောင့်ကျုပ်လဲကြောက် ကြောက်နဲ့ မျက်စိမဖွင့်ဘဲ ဘုရားဂုဏ်တော်တွေကိုအစဉ်ဖန် တ လဲလဲရွတ်ဖတ်သရဇ္ဈာယ်တော့မှပျောက်သွားပါတော့တယ်"

ပထမသူထက် နောက်လူပြောသော သူရဲကြီးမှာ ပိုမိုကြီး ကြောင်းကြားသိရပါတော့သည်။

၎င်းနောက်တယောက်သောသူကပြောပါသေးသည်။

"ကျုပ်ကိုတော့ခင်ဗျားတို့လို သင်းချိုင်းထဲဝင်ပြီးတရားမထိုင် ဘူး တောတောင်ထဲမှာ တယောက်ထဲသွားပြီး တရားကျင့်ရ ဒါသိတ်ပျော်တာဘဲအဲဒီတုန်းကဆိုရေအဓိဋ္ဌာန်ဝင်ရတာ ရေရရှိ ဘို့ကတော့ တောင်အောက်မှာဆင်းခပ်ရတယ် ထမင်း ဆိုတော့ ဝေလာဝေးပေါ့ ရေကြီးဘဲသောက်ပြီး ကျင့်ရဒါ တလလောက် ကြာခဲ့တယ် ယခုပြန်ရောက်ဒါနှစ်ရက်လောက်ဘဲရှိသေးတယ်"

၎င်းတို့ပြောသော စကားများကြားရသောအခါတွင်ကျင့်ကြံ

အားထုတ်ခြင်းတူပေလင့် တွေ့ကြုံရသော အဖြစ်အပျက်ကွဲလွဲနေကြောင်းကိုကြားသိရပါသည်။

× × ×

ညသည်တိတ်ဆိတ်ငြိမ်သက်နေသည် ပတ်ဝန်းကျင်သည်အိပ်မောကျပေပြီ။

လမ်းခါတ်တိုင် မီးရောင်မှလွဲ၍ အခြားမီးရောင်များကင်းမဲ့သည်။

ဒါပေမင့်မီး ရောင်တခုတော့ရှိချေ အခြား တော့မဟုတ်ပေ။

ကျွန်ဘော်ပူဇော်ထားသော မီးရောင်က အခန်း၏ပတ်ဝန်းကျင်တခုလုံးကိုဖုံးလွှမ်းထားသည်။

မီးရောင်ကြောင့် ပတ်ဝန်းကျင်ရှိသက်မဲ့ အရာဝတ္ထုပစ္စည်းအားလုံးကိုသဲသဲကွဲကွဲမြင်တွေ့နိုင်ပေသည်။

ဒီညကျွန်တော်သည် အိမ်ရှေ့ဘုရားစင်ရှေ့တွင်တရားထိုင်ပါတော့သည် အခြားနေ့များကဲ့သို့မဟုတ်ပေ တမျိုးတဖုံထူးခြား၍တရားမထိုင်ခင် ဘုရားရှိခိုးပြီးနောက် အောက်ပါအတိုင်းမဟာဂန္ဓာရီ အရိယာဝိဇ္ဇာမိုရ်ကျင့်စဉ်ပရိကံကိုပြုပါသည်။

ဘုရားဘပည့်တော်သည် ဘုရား ရှင် ကိုယ် ဘော် မြတ်တို့၏ဂုဏ်တော်အပေါင်းကိုသက်ဝင်ယုံကြည်ပါသည် တရားတော်မြတ်ကိုဂုဏ်တော်အပေါင်းကိုသက်ဝင်ယုံကြည်ပါသည်၊

သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်တော်အပေါင်းကို သက်ဝင်ယုံကြည်ပါ၏။

မိခင် ဖင်ကျေးဇူးရှင်တို့၏ ဂုဏ်တော်အပေါင်းကို သက်ဝင်ယုံ ပါသည်။

ဆရာသခင်ကျေးဇူးရှင်တို့၏ ဂုဏ်တော်အပေါင်းကိုသက်ဝင်ယုံ ကြည်ပါသည်။

ဤကဲ့သို့အနန္တော၊ အနန္တ ငါးပါးတို့၏ ဂုဏ်ကျေးဇူး ကိုယုံကြည်ကိုးကွယ်ရသော ဘုရားဘပည့်တော်သည်၊ ကာယကံ၊ ဝစီကံ၊ မနောကံ စသော သုံးပါးတို့ကို သိမ်းဆည်း၍ ဘုရားဘပည့်တော်သည် မဟာပဋ္ဌာရီ အရိယာ ဝိဇ္ဇာဓိုရ်လမ်း မှန်ကန်သော သစ္စာ၊ မှန်ကန်သောသီလ မှန်ကန်သောသမာဓိ၊ မှန်ကန်သော ခန္တီ၊ မှန်ကန်သော မေတ္တာဖြင့် အားထုတ်ပါမည် အရှင်ဘုရား။

ဤကဲ့သို့အားထုတ်နေသောအချိန်ကာလ၌ ဘုရားဘပည်တော်သည် အမြင် ဓါတ်၊ အကြား ဓါတ်၊ အသင် ဓါတ် ရပါလို၏ အရှင်ဘုရား။

ဤသို့ မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့် ဝင် စမ, ထွက် စမ, တမ်း စမ, သိမ်း စမ, တို့ကို အစိုးရအောင်မူသော ဝိဇ္ဇာဓိုရ်ဆရာကြီးများက ဘုရားတပည့်တော်အား သား တပည့် အရင်းပမာ စောင့်ရှောက်တော်မူပါ အရှင်ဘုရား။

## အထက် ဆရာတော်ကြီးများ ပင့်လျှောက်ရန်

မေတ္တာ၊ သီလ၊ သစ္စာ၊ ခန္တီ၊ အဓိဋ္ဌာန်အပေါင်း တို့ကို အားထုတ်လျက်ရှိသော ဘုရားဘပည့်တော် မဟာ ဂန္ဓာရီ အရိယာ ဝိဇ္ဇာဓိုရ်အကျင့်ကို အားထုတ်လျက်

ရှိသော ဘုရားတပည့်တော်သည် ကံသုံးပါးကို စောင့် ထိမ်းရသော ဘုရားတပည့်တော်၏ ဦးခေါင်းရတနာမြတ် ထားတင် ဦးထိပ်ပြင်၌ ဝင်စမ, ထွက်စမ, ဝမ်းစမ, ထိမ်းစမ, တို့ကိုအုပ်စိုးပိုင်သ အစိုးရတော်မူသော ပထမံ ဘိုးဘိုးအောင်၊ ပြည်တော့်ဝင် ဘိုးဘိုးအောင်၊ ရသေ့ ဦးအောင်၊ ရှင်အဇ္ဇဂေါဏ၊ ငှင်မသိ ဓမ္မစေတီ ခေါင် ဆံရှည်ကိုယ်တော်၊ ဦးကောဏ္ဍည ဆရာတော်၊ ဂန္ဓဂေါ ဝင်ဆရာတော်၊ ဦးစန္ဒာဓောတ်ဆရာတော်၊ ဦးနန္ဒ မာ လာ ဆရာတော်၊ သာမြိုက်ဆရာတော်၊ ဗားဂရာ ဆရာ တော်၊ ဘားတမော့ ဆရာတော်၊ ဘားမဲ့ ဆရာတော်၊ ဘားထိ ဆရာတော်၊ ယက္ကန်းစင်တောင်ဦးကလျာနဆရာ တော်၊ယက္ကန်းစင်တောင် ဦးသာသနဆရာတော်၊ ယက္ကန်း တောင်ဦးဩဘာသဆရာတော်၊ တုံတေးတိုက်ကျောင်း ဦးဓမ္မစရိဆရာတော်၊ပုပ္ပါးဘိုးမင်းခေါင်ဆရာကြီးနှင့်ကိုစိ ပြုး အထက်ဆရာကြီးအပေါင်းတို့သည် အဟံနွေ့ နာမ်ရုပ် အကျုန်ုပ်ဟု ပညတ်မှည့်ခေါ်ဘုရားတပည့်တော်၏ ရှိသော စွာ ခင်းကျင်းအပ်သောနေရာထိုင်ခင်း နေရာဌာနသို့ ကြွ ရောက်၍ သိဒ္ဓိစခန်း၊မဟိဒ္ဓိလမ်းကို သာသနာပြုသတ္တဝါ များကယ်ချွန် ကြွရောက် ချီးမြှင့်တော်မူပါ အရှင်ဘုရား။

## မဟာဂန္ဓာရီ အရိယာ ဝိဇ္ဇာဓိုရ်တို့၏ မေတ္တာပွါးနည်း။

၁။ ဤလောကဌ်ရှိသမျှသိမ်းကြုံးသတ္တဝါအားလုံ တို့သည်ကျန်း မာပါစေ၊ ချမ်းသာကြပါစေ၊ ဘေးကင်းပါစေ၊ ရန်ရှင်း ကြပါစေ။

လောကို ဖြေးဖြေး ထုတ်ခြင်းအလေ့ကို ပြုလုပ်ပြန်သည်၊ ဤအချိန်တွင် သမာဓိက ပိုမို အားကောင်းလာသည်။

အကြောင်းမူ အာရုံ၏အလင်းရောင်သည် ကြည်လင်ပြီး ပကတိ မှန်သားကိုကြည့်ရသကဲ့သို့ရှိပါသည်။

ကျနော်၏ စိတ်သည် ပြိုးပြိုးပြက်ပြက် လင်းနေသော အာရုံအပေါ်တွင် တည်ရှိနေပါတော့သည်၊ ထိုအချိန်တွင် ပြောနေကြ အသံရှင်၏အသံကို ကြားရပြန်သည်။

"မျက်လုံးဖွင့်လိုက်ပါ-မင်းရှေ့က အုတ်ခုံကိုကြည့်ပါ။ အသံရှင်၏ အမိန့်ကြောင့် ကျနော်၏ မျက်လုံး အစုံ သည် ပွင့်လင်းလာတော့သည်။

မှိတ်လျက်ရှိသော မျက်လုံးအစုံသည် ချက်ချင်း တဘက်သို့ ပြောင်းလိုက်သော အချိန်တွင် လေးလန့်သယောင်ယောင်၊ မပွင့်တပွင့်၊မျက်ခွံများ သည် လေးလန့်ထိုင်းမှိုင်းနေ၏။

မှိတ်ရမလိုလို ဖွင့်ရမလိုလို၊သို့သော် ဖွင့်သောအခြေသို့ရောက်သွားပါတော့သည်။

ကျနော်သည် အသံရှင်ပြောသည့်အတိုင်း အုတ်နံရံကို စူးစူးစိုက်စိုက်ကြည့်ပါသည်။

ဤသို့ကြည့်သော အုတ်နံရံကိုမြင်ရပါသည်၊ သို့သော် ထူးထူးထွေထွေတော့မမြင် မတွေ့ရပါ။ ကြာကြာကြည့်ဖန် များလေ၊ ကျနော့မျက်လုံးများသည် ညောင်းလာပါတော့သည်။

မျက်ရည်ပူများက ပါးပြင်ပေါ်သို့ ကျဆင်းလာသည်၊ နာရီဝက်ခန့် ကျနော့်မျက်စေ့များက ပိတ်လိုက်ဖွင့်လိုက်ဖြင့် ပြုလုပ်နေပါသည်။

ကျွန်ုပ်သည် မျက်စေ့ကိုဖွင့်၍ ပထဝီကသိုဏ်းမျိုးကို ကြည့်ဘူးသောကြောင့် ခုလိုကသိုဏ်းဝန်ကြည့်သော အလေ့အထမှာ ကျွန်ုပ်အတွက် တမျိုးဘဖုံ၊ အခက်ကြုံရပါသည်။

ထိုကြောင့် ကျွန်ုပ်ဆက်လက်မကြည့်တော့ပဲ၊ တရားထိုင်သည့်နေရာမှ ထလိုက်ပြီး နောက်တနေ့မှ ဆက်လက် ကြည့်ရန် စိတ်ဆုံးဖြတ်လိုက်သည်။

နောက်နေ့များတွင် ကျွန်ုပ်သည် နေ့စဉ် နေ့တိုင်း ယင်းအုတ်နံရံကြည့်သော ပထဝီကသိုဏ်းဝန်းကြည့်သည့်အကျင့်ကို ကျင့်ပါတော့သည်။

ဤကဲ့သို့ ကျင့်ဖန်များ၊ထိုင်ပါများသော် ကြာရှည်စွာကြည့်နိုင်သော အလေ့အသကို ရရှိပါတော့သည်၊

ထိုကဲ့သို့ ကျင့်ရဖန် များသော အခါတွင် မျက်လုံးများ ညောင်းခြင်း၊ကိုက်ခဲခြင်းမရှိ၊ကျင့်သားရရှိပြီ ဟုဆိုရပါမည်။

ကနဦးက မျက်လုံးဖွင့်ပိတ်ချင်းမျိုး မရှိတော့ချေ၊ မျက်လုံးပိတ်ခြင်း၊ မျက်တောင်ခတ်ခြင်းမျိုး ဖြစ်ပေါ်၍ မလာတော့မှ အရာဝတ္ထုတခုကို ကြည့်ပါက အချိန်ကြာမြင့်စွာ ကြည့်နိုင်ပါသည်။

ကျွန်ုပ်သည် အာပါနကမ္မဋ္ဌာန်းတရားကို အနည်ငယ်အား ထုတ်ပြီး ပထဝီကသိုဏ်းဝန်းအုတ်နံရံကို စူးစိုက်ကြည့်လျက် ရှိပါတော့သည်။

ကျွန်ုပ်သည် အုတ်နံရံ၏ အလယ်ဗဟိုဘည့်ဘည့်ကို ကြည့်ရပါသည်။ဤသို့ ကြည့်ဖန်များသော အခါတွင် ကျွန်ုပ်၏ မျက်လုံးအိမ်မှ အဖြူရောင် ရောင်ခြည် များသည် အုတ်နံရံပေါ်သို့ ကျရောက်ပြီး တဖန်ပျောက်ကွယ်သွားတတ်ပါသည်။

ကျနော်မျက်လုံးအိမ် ထွက်လာသော ရောင်ခြည် များသည် အုတ်နံရံပေါ်သို့ ကျရောက်ခြင်း၊ ပျောက်ကွယ်ခြင်းဖြင့် အကြွမ်ပေါင်းများစွာတွေ့မြင်နေရပါသည်။

ထိုသို့ နံရံပေ ဝိဘကသိုဏ်းဝန်းအား အာရုံစူးစိုက်မှုကျင့်ရသည်မှာ ရက်ပေါင်း၊လပေါင်းများစွာကျင့်နေရပါသည်။

ဤနည်းဖြင့် ပဒဝိဘကသိုဏ်းဝန်း အုတ်နံရံ စူးစိုက်ကြည့်မှုသည် စတင်ကျင့်ရပြန်သည်။

ဤကဲ့သို့ ကြည့်နေခြင်းမှ ရုတ်တရက် ထွက်ပေါ်လာသော အဖြူရောင်အဆင်းသည် ကသိုဏ်းဝန်းပေါ်သို့ တည့်မတ်စွာကျရောက်လာပါတော့သည်။

ထိုအချိန်တွင် ကျနော်အနည်းငယ်ကြောက်စိတ်များဝင်လာသည်၊ထိပ်ထိပ်ပျာပျာလည်းဖြစ်သွားမိသည်၊

ဤကဲ့သို့ ကသိုဏ်းဝန်းစူးစိုက်ကြည့်ခြင်းကို ဆက် လက်ကြည့်ကောင်း၊မကောင်းဆိုသော ဒွိဟစိတ်များ ဖြစ်ပေါ်၍လာတော့သည်။

သို့သော် ကျနော်သည် ဝေဝေဝေးမောနေသောအချိန်တွင် စိတ်ဓါတ် ပြင့်မားရန် အခြေအခုကို ပြန်လည် စဉ်းစားမိပါသည်၊အခြားတော့ မဟုတ်ချေ။

ကျနော် ဘုရားခိုးသောအချိန်က ရုပ်နှင့် နာမ်ခန္ဓာ ငါးပါးကို ဘုရားအား လှူဒါန်းပြီးကြောင်းကို ပြန်လည်သတိရသောအခါတွင် ကြောက်စိတ် ဝင်နေသော စိတ်သည် ရဲရင့်လာပါသည်။

ခုလိုဘုရား အားထုတ်ရင်း သေးဆုံးသွားပါက မြတ် သေး

သည်။သင်းအတွေးဖြင့် ကြောက်စိတ်ကို မေ့ပျောက်ပြီး မိမိ ကြည့်နေသော အုတ်နံရံကို ပြန်လည်ကြည့်မြဲကြည့်နေ၏။

ထို့ကြောင့် အုတ်နံရံပေါ်တွင် ကျရောက်နေသော အဖြူရောင်အဆင်းကို သေသေချာချာစူးစိုက်ကြည့်ပါတော့သည်။

ဤသို့ ကြိမ်ဖန်များစွာ ဖြစ်ပေါ်နေသော ရောင်ခြည်သည် ယခင်ကသို ပျောက်ကွယ်၍ မသွားပဲ၊အုတ်နံရံပေါ်တွင် တည်ရှိမြဲ တည်ရှိနေသည်။

ကျရောက်နေသော ရောင်ခြည်ပြောင်းလဲမသွားရန်ကျွန်ုပ်၏ မျက်လုံးအစုံသည် အုတ်နံရံပေါ်သို့ စူးစိုက်ပြီး အခြားသို့ အာရုံမပြောင်း သွားစေရန် တနေရာတည်းကို စွဲမြဲစွာ ကြည့်နေရ၏။

အဖြူရောင် မပျောက်ဘဲ အုတ်နံရံပေါ်တွင် အချိန်ကြာမြင့်စွာ ရှိသောအခါတွင် ကျွန်ုပ် သေသေချာချာ စိုက်ကြည့်ခြင်း၏။ဖြစ်ပေါ်လာသော အချက်နှင့် တွေ့ဆုံရသော အတွေ့အကြုံမှာ အံ့သြလောက်အောင် ထူးစမ်းနေပေသည်။

အာရုံစူးစိုက်မှုမရှိပဲ အမှတ်မထင် အုတ်နံရံတခုကို ကြည့်ပါက ၎င်းအုတ်နံရံသည်။

မလှုပ်မယှက်ပကတိတည်ငြိမ်နေသည်မှာ မှန်ပါသည်၊ အချိန်အနည်းငယ်တွင် ကြည့်လိုက်ရသောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်၏ မျက်လုံးအစုံမှ ထွက် လာ သော အ ဖြူ ရောင် ရောင်ခြည်သည် အုတ်နံရံပေါ်သို့ ကသိုဏ်းဝန်းပုံစံပြုလုပ်ထားသကဲ့သို့ လေးဒေါင့် ကသိုဏ်းဝန်း သဏ္ဍာန်အတိုင်း ပေါ်လွင်နေ၏။

ယင်း ရောင်ခြည် ကျရောက်ပြီးနောက်ပိုင်း အချိန်ကြာမြင့်သော အခါတွင် အုတ်နံရံဟွင် စုစည်းထားသော ဘိလပ်မြေနှင့် ရောသားသော သဲမှုန်ကလေးများတခုနှင့် တခု ရွှေ့ရွှေ့ တခုနှင့်တခုတိုး၍ နေကြသည်ကို တွေ့မြင်ရပါသည်။

ဂုင်းအုတ်နံရံသည် တည်ငြိမ်မှုမရှိပဲ၊ အလွန်သေးငယ်သော အမှုန်ကလေးများ လှုပ်ရှားနေကြောင်း တွေ့ရသော ကျနော့် အဘို့ အလွန်ပင် အံ့သြမိသည်။

ကျနော်သည်အုတ်နံရံပေါ်သို့ ကျရောက်သော ရောင်ခြည်ကို ကြည့်ရသဖြင့် ထိုကြည့်ခြင်းကို ပိုမိုနှစ်ခြိုက် လာမိသည်။

ထို့ကြောင့် ကျနော်သည် ဘုရားရှိခိုးပြီးနောက် ထွက်သက်ဝင်သက်ကို ကျင့်ကြံ အားထုတ်သော နည်းကို မကျင့်တော့ပဲ၊ တရား အားထုတ်သော အချိန်တွင် အုတ်နံရံကို ကသိုဏ်းပန်းသဖွယ် သတ်မှတ်ခါ စူးစူးစိုက်စိုက် ကြည့်နေပါတော့သည်။

ဤကဲ့သို့ စူးစိုက်ကြည့်မှုကြောင့် သမာဓိအားသည် ရင့်သန်ပြီး အဖြူရောင်မှ တဖြေးဖြေး၊ အနီဖျော့ဖျော့ အရောင်သည် အဖြူရောင်ကို လွှမ်းမိုးသွားပါသည်။

အရောင်ပြောင်းမှုများသည် ကျင့်ဖန်များသော အခါတွင် တမျိုးတဖုံ ပြောင်းလဲသွားပါသည်။

အဖြူရောင် ကနဦးပေါ်ပြီး နောက် အနီဖျော့ရောင်၊ ထို့နောက် အစိမ်းရောင်သန်းလာပါသည်။

ထို့နောက် သမာဓိရင့်သန်လာသည်နှင့်အမျှ လင်းရောင်ခြည်များပါဝင်လာသည်ကိုတွေ့ရပြန်သည်။

ကျနော်သည် ဤကဲ့သို့နေ့စဉ်ရက်ဆက် ၃-လမျှ မပြတ် လေ့ကျင့်လာသောအခါ အရောင်များပေါ်လာပြန်သည်။

တခုနှင့်တခု အရောင်ချင်းသည် မတူကြပဲ တခုပျောက်ကွယ်ပြီးမှ နောက်တခုက ပေါ်လာတော့သည်၊

နောက်ဆုံးအနေဖြင့် ကြည်ပြာရောင်ပေါ်လာသည်၊ အုတ်နံရံပေါ်တွင် ကြည်ပြာရောင်က လွှမ်းမိုးထားခြင်းကို တွေ့မြင်ရပါသည်။

ယင်းကြည်ပြာရောင်သည် နောက်ဆုံး အနေဖြင့် ထင်ထင်ရှားရှား ကွက်ကွက် ကွင်းကွင်း အခြားအရောင်များ မပြောင်းလဲတော့ပဲ ပီပီပြင်ပြင် ပေါ်နေပါတော့သည်။

ကျနော်၏ မျက်လုံးအစုံမှ ထွက်လာသော အရောင်များသည် မီးမောင်း ထိုးထားသကဲ့သို့ အုတ်နံရံပေါ်တွင် တည်ရှိနေပါသည်၊

ကြည်ပြာရောင်သည် နောက်ဆုံးအနေဖြင့် ကသိုဏ်းဝန်းတွင် ပေါ်လွင်ပြီးနောက် အာရုံနိမိတ်များ ပိုမိုထင်ရှား စွာတွေ့မြင်ရပါသည်။

ဤနေရာတွင် ကျနော်သည် ရုပ်ရှင်ရုံထဲသို့ရောက်ပြီး ရုပ်ရှင်ကြည့်နေသူတဦးဟု မိမိကိုယ်ကို ထင်မိသည်။

အကြောင်းမှာ ကသိုဏ်းဝန်း အုတ်နံရံပေါ်တွင် ပေါ်လွင်လာသည့် အာရုံနိမိတ်များသည် တောတောင်များ၊ သွားလာလှုပ်ရှားနေသောလူများ၊ ရေကန်နံဘေးတွင်ရှိ ပန်းမာလာများ ရေခပ်နေကြသူများ၏ လှုပ်ရှားနေပုံကိုပကတိတွေ့မြင်ရပါသည်။

ယင်းကသိုဏ်းဝန်းကို ကြည့်ရသည်မှာ အားတက်လာမိသည်။

အာရုံနိမိတ်များသည် တခုနှင့်တခုမတူပေ။ ကြည့်ဖန် များသောအခါတွင် ပေါ်လာသော ရုပ်သဏ္ဍာန်များသည် ပြောင်းလဲ၍သွားပါတော့သည်။

ဤသို့ ကသိုဏ်းဝန်းကို ကြည်ပြာရောင် ကျရောက်သည်အထိ ကြည့်ရပါသည်။

ယင်း ကြည်ပြာရောင် ပေါ်လာပြီးနောက် ဥစ္စာစောင့်ဘီလူးများ၊ နတ်များကသိုဏ်းဝန်းပေါ်တွင် လှုပ်ရှားနေကြပါသည်

၎င်းနောက် လူရုပ်သဏ္ဍာန် ခေါင်းငိုက်ချည်း ပေါ်လာပြီး ကျွန်တော့အား စိုက်ကြည့်နေပါသည်။

ကျနော်ကလည်း မလှုပ်မယှက် ထိုသူအား ပြန်လည် ကြည့်နေမိသည်၊ သူ၏ရုပ်အသွင်မှာ မျက်လုံးပြူးပြူး၊ နှာတံ ပေါပေါ၊ မုတ်ဆိတ်မွေး ထူလပျစ်ဖြင့် ရှိနေပါသည်

ကျနော်သည် သူ့အား မျက်တောင်မခတ် ကြည့်နေသည်ကို သိသူကလည်း ကျနော်ကြည့်သကဲ့သို့ ပြန်လည် ကြည့်နေတော့သည်။

ထိုကြည့်သူသည် ကွယ်ပျောက် သွားပြီးနောက် ကျနော်၏ မျက်လုံးများမှ ပေါ်ထွက်နေသော ရောင်ခြည်ထဲတွင် မြွေငယ် တကောင်လိုလို တွန့်လိမ်လှုပ်ရှားပြီး ကျနော့ဘက်သို့ ရွေ့ရှားလာနေသည်။

တဖြည်းဖြည်းနှင့် ကျနော်၏မျက်ခုံဆီသို့ ချဉ်းကပ် လာပါသည်၊ ၎င်းနောက် ထိုသတ္တဝါသည် နဖူးထဲသို့ ဝင်သွားသည်ကို သတိပြုမိသည်။

နောက်ရက်များတွင် ကျနော်သည် ကသိုဏ်း ဝန်းပေါ်တွင် ပေါ်လာသော အာရုံနိမိတ်များကို ပယ်ဖျက်လိုက်ပါတော့သည်။

ပေါ်လာသော အာရုံနိမိတ်များကို ပယ်ဖျက်ဖန် များသော အခါ အုတ်နံရံထဲသို့ ကျနေဒ်၏ မျက်စေ့မှထွက်သော ရောင်ခြည်များက အုတ်နံရံကိုထိုးဖေါက်သွားပြီး အုတ်နံရံတခုလုံး ပျောက်ကွယ်ကာ ရောင်ခြည်များသည် ကသိုဏ်းဝန်းတခု ဖြစ်နေတော့သည်။

အုတ်နံရံကို ထိုးဖေါက်သွားသော ရောင်ခြည်များ ထဲမှ မြတ်စွာဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူသည့် ရုပ်ပွားတော်ကို ထင်ထင်ရှားရှား ဖူးမြင်ရပါသည်။

ထိုအာရုံနိမိတ်သည် ကျနော်ကျင့်နေသော ပထဝီကသိုဏ်း၏ နောက်ဆုံး ဗုဒ္ဓနိမိတ်ဖြင့် အပြီးသတ်သွားခဲ့ပါသည်။

မှတ်ချက်တခုအနေဖြင့်တင်ပြရမည်ဆိုပါက ကသိုဏ်း(၁၀)ပါးအနက် တပါးကိုစီးဖြန်းအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ပထမအနေဖြင့် သမာဓိရရှိရန်အတွက် မိမိ ကြိုက်နှစ်သက်သော ကမ္မဋ္ဌာန်းတရားတခုခုကို အားထုတ်ရပါမည်။

ယင်းကဲ့သို့ အားထုတ်ပြီး မိမိစိတ်ကို ထိန်းကြောင်းနိုင်မှ ကသိုဏ်းတပါးကို စီးဖြန်းစေလိုပါသည်။

ဥပမာတခု ရေးပြရည်ဆိုပါက ကသိုဏ်းဝန်းပေါ်တွင်ပေါ်လာသော အာရုံနိမိတ်များကို တရားအားထုတ်နေသော ယောဂီသည် ယင်းပေါ်လာသောအာရုံနိမိတ်နောက်သို့ မိမိစိတ်ကလိုက်သွားခြင်း၊ နှစ်သက်ခြင်းဖြစ်ပါမူ တွေ့မြင်ရသော ရုပ်သဏ္ဍာန်များ၏ လှည့်ပတ်မှုခံရသောအခါတွင် မိမိသည် တွေ့မြင်ရသော ဥပမာ ဥစ္စာစောင့်၊ သိကြားမင်း စသည် တခုခုအကြောင်း ပြုပြီး စကားပြောခြင်း၊ ထိုအာရုံနိမိတ်ကို နေ့စဉ် တွေ့မြင်လိုခြင်း စသည့် အတွေးများပေါ်လာတတ်သည်။

တွေ့မြင်ရသောအကြောင်းများကို ပီတိကျပြီး အာရုံနောက်သို့ လိုက်သွားသောသူ၏စိတ်သည် တည်ငြိမ်မှုမရှိပဲ ရူးတတ် ပါသည်။

ယနေ့ တရားကျင့်ပြီး ရူးသွားသောပုဂ္ဂိုလ်များကိုကြည့်ပါက အချို့မှ သိကြားမင်းနှင့် စကားပြောနေခြင်း။ မိမိသည် ဥစ္စာစောင့် သိုက်နန်းသို့ လိုက်သွားပြီး ဥစ္စာစောင့်များက ၎င်းနှင့် လာရောက် စကားပြောနေခြင်းဟု ထင်မြင်ယူဆကာ တဦးတည်း စကားပြောနေကြသူများရှိပါသည်။

ထို့ကြောင့် သမာဓိ ခိုင်မြဲမှ အာရုံနိမိတ်ကို ပယ်နိုင်မည်၊ သမာဓိ မခိုင်မြဲဘဲ ကျင့်ကြပါက အာရုံနိမိတ်နောက်သို့ လိုက်မသွားမိရန်ကို အထူး လိုအပ်ပါသည်။

ကသိုဏ်းဝန်းနိမိတ်နှင့်ပတ်သက်သော အကြောင်းအရာများကို သမထကျမ်းမှ ကောက်နုတ် ဖေါ်ပြလိုက်ပါသည်။

ကသိုဏ်းဝန်းကို စူးစိုက် ကြည့်ရှုခြင်းနှင့် ဈာန်ဝင်စားခြင်းကိစ္စတို့ဝယ် ပဋိဘာဂနိမိတ် ပေါ်လာအောင် အားထုတ်ရန်မှာ အလွန်အရေးကြီးသောအချက်တရပ်ဖြစ်နေသည်။

ပရိကမ္မနိမိတ်(ပကတိ ကသိုဏ်းဝန်း) ဥဂ္ဂဟနိမိတ် (ပကတိ ကသိုဏ်းဝန်းမှ ပြောင်းလဲ ဖြစ်ပေါ်လာသော အာရုံနိမိတ်)၊ ပဋိဘာဂ နိမိတ် (ဥဂ္ဂဟ နိမိတ်ထက် ပိုမိုချောမွေ့ ပြောင်လင်း၍ အရောင်အဆင်း ကြည်လင်တောက်ရှန်းလာသော အာရုံနိမိတ်) ဟူ၍ နိမိတ်အပြား သုံးပါးရှိပါသည်။

\+ + + x

( ၇ )

သဘာဝအလှကို ငေးမောရင်း လေနုအေးကလေးများ ရှူရှိုက် နေရသည့်အတွက် ကျနော့်အဖို့ ကြည်နူး နှစ်ခြိုက်မိပါသည်။

ကျနော်သည် အိမ်ရှေ့ဝရမ်တာတွင် ထွက်ပြီး ပတ်ဝန်းကျင်သို့ ငေးမောရင်းဖြင့် ရပ်နေပါတော့သည်။

ကျနော်၏ မျက်လုံးအစုံသည် သစ်ပင်ကြီးငယ်ပေါ်သို့ ကျရောက် သွား ပါသည်။ ယင်းကဲ့သို့ ကြည့်နေရင်း အမှတ်မထင် ထန်းပင်တပင်ကို ငေးစိုက် ကြည့်မိပြီးနောက် ကောင်းကင်သို့ လှမ်းကြည့်သော အခါတွင် ထန်းပင်၏ သဏ္ဍာန်သည် ကောင်းကင်ပေါ်တွင် ပင်စည် ပင်လုံး ခက်လက်ဝေဖြာ ရွက်လှများဖြင့် ကွက်ကွက်ကွင်းကွင်း ပေါ်နေပါတော့သည်။

ကျနော်သည် ထန်းပင်များကို ကြည့်လိုက် ကောင်းကင်သို့ တဖန် ကြည့်လိုက်ဖြင့် ရှိနေပါသည်။

ကောင်းကင်ပေါ်တွင် ထန်းပင်၏ အရိပ်သဏ္ဍာန် တရိပ်ရိပ် နှင့် အဖြူရောင်အဆင်းများ ပေါ်လာပြန်သည်။

ဤကဲ့သို့ မြင်ရပ်များသည်ပဋိဝိကသိုဏ်းကို ကျင့်ထားခြင်း ကြောင့် မျက်စေ့မှ ထွက်ပေါ်လာသော အ ရောင် များ က ထိုထန်းပင်၏ ရုပ်လုံးကို မှတ်သားပြီး တဖန် ကောင်းကင် ပေါ်သို့ အရိပ်သဏ္ဍာန် ပြုလုပ်ပေးခြင်း ဖြစ်ပါသည်။

ကျနော်သည် အိမ်ထဲသို့ ပြန်ဝင်လာပါသည်။

ဧည့်ခန်းရှိ ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပါသည်။ ကျနော်၏ မျက်လုံးအစုံက အိမ်ရှေ့ တခါးမကြီးဆီသို့ ရောက် သွားပြန်ပါသည်။

ထိုတံခါးမ၏ အမဲရောင် ပျဉ်ပြားပေါ်သို့ စူးစူး စိုက်စိုက် ကြည့်မိသောအခါ အဖြူရောင်အဆင်းသည် တံခါးမျက်နှာပြင် တခုလုံးကို ဖုံးအုပ်ထားပါသည်။

အမှတ်မထင်ဖြစ်ပေါ်လာသောအကြောင်းအရာကို စေ့စေ့ စပ်စပ် ကြည့်မိပါတော့သည်။

ယခင် အဖြူရောင်အဆင်းများသည် ပျောက်ကွယ်၍ မသွားချေ။ ထိုတံခါးမကြီးအား စူးစိုက်ကြည့်နေတော့ လှပ်ရှားနေသော သဏ္ဌာန်တခု ပေါ်လာပါတော့သည်။

ထိုသဏ္ဌာန်ကို သဲသဲကွဲကွဲတွေ့ရသောအခါ၌ လူတယောက် လမ်းလျှောက်နေသည်ကို တွေ့လိုက်ရပါသည်။

အမှန်ပင် လူတယောက် ကျနော့်အိမ်သို့ ရောက်လာတော့သည်။ ထိုသူမှာ ကျနော်၏ အကိုဝမ်းကွဲ တော်သူ တဦးဖြစ်ပါသည်။

ထို့ကြောင့် ကျနော်သည် အကြောင်းအကျိုး ဆက်စပ်ကြည့်မိပါသည်။

တံခါးမကြီးပေါ်တွင် ပေါ်လာသော သဏ္ဌာန်မှာ ကျနော့်အိမ်သို့ လာနေကြောင်း ကနဦးအစပြလိုက်ခြင်းဖြစ်ပါသည်။

သည်နေ့ည ရွှေတိဂုံဘုရားပေါ်သို့ တက်ပြီး တရားအားထုတ်ရမည်။ နေ့လည်ပိုင်း အချိန်ကစ၍ တံခါးမကြီးဆီသို့ အာရုံခံပြီး ကြည့်လိုက်ပါသည်။

မိမိသွားလိုသော နေရာတွင် မည်သူများ တွေ့ကြုံရမည်ကို လေ့လာကြည့်ပါသည်။

တံခါးမကြီးပေါ်တွင် အဖြူရောင် အဆင်းများ လွှမ်းခြုံမိသော အခါတွင် ပေါ်လာသောသဏ္ဌာန်များသည် ကြည့်ရင်းကြည့်ရင်းဖြင့် ထင်ရှားစွာ တွေ့လာပါတော့သည်။

၎င်းတို့မှာ ရဟန်းများတန်းစီပြီး ရွှေတိဂုံဘုရား ယင်ပြင်တော် လျှောက်နေကြသည်ကို တွေ့ရသည်။

ကျနော် တွေ့ထားသော အာရုံနိမိတ်အတိုင်း ဘုရားယင်ပြင်

တော်သို့ ရောက်သောအခါတွင် တံခါးမကြီးမှာ တွေ့မြင်ရသည့်အတိုင်း တွေ့ရှိခဲ့ပါသည်။

ရာသီစက်မောင်းက ပြောင်းလွဲချေဘကား။

မိုးကောင်းကင်သည် အမှောင်လွှမ်းလျက်ရှိသည်။

အားပြု ထွန်းပနေသော ကြယ်ရောင်လက်လက်တို့သည် ပြာမှောင်သော အမှောင်ဝယ် ယိုးတိုးရိပ်တိတ်၊ ကြယ်ကလေးများက အားယူလျက် အလင်းကိုဆောင်ခသော်လည်း၊ ရွှေတိဂုံစေတီတော်ကြီးအား ပူဇော်ထားသော မီးရောင်များကို ထိုးဖောက်မနိုင်ချေ။

ပူဇော်ထားသော ဓာတ်မီးရောင်တွေက ထိန်ထိန်လင်းလျက်ရှိသည်။

ဘေးပတ်ဝန်းကျင်တွင်လည်း အလင်းရောင်တို့က ဖြန့်ကြဲသည်။ အလင်းရောင်တို့က လွှမ်းသော်လည်း၊ မှောင်ရိပ်လေးများ ရှိသေးသည်။

အမှောင်ရိပ်ဆိုသော်လည်း လူသူကင်း၍ မဲမဲလည်းမှောင်နေသည်မဟုတ်၊ အမှောင်ရိပ်ခိုပြီး တရားအားထုတ်နေသူများလည်း မနည်းပေ။

မမြော်လင့်ပဲ တွေ့မြင်ရသော ပတ်ဝန်းကျင်၏ အခြေအနေကို သုံးသပ်မိသောအခါတွင် အားတက်မိသည်။ ရင်ဝယ်သိမ်းဆည်းပြီး အသံရှင်၏ အမိန့်အတိုင်း ဘုရားပေါ်သို့ တက်လာခဲ့ပါသည်။

အသံရှင်၏ အမိန့်မှာ ဂူပေါက် (၈) ခုခန့်တွင် နေ့စဉ်ရက်ဆက် ဘနေ့ကျစီ တရားအားထုတ်ပြီးနောက်၊ ကကုသန်၊ ကောဏာဂုံ၊

ကဿပ၊ ဂေါတမ ဘုရားတန်ဆောင်းများတွင် အားထုတ်ရန် အစီအစဉ်ဝင်ရမည်ဖြစ်ပါသည်။

နောက်ဆုံးနေ့ ဂေါတမတန်ဆောင်းမှနေ တရားအားထုတ်ပြီးခြင်း (အောင်ပြီ) ဟု သုံးကြိမ်ခေါ်ရမည်။

ထိုကြောင့် သည်ညအဘို့ ကျနော် ဘုရား ပေါ် တက်ရောက်ခဲ့ပါသည်။

လှူဒါန်းကွင်း၏ မနီးမဝေးတွင် ကျနော် တရားအားထုတ်ရန်နေရာရွေးချယ်လိုက်ပါတော့မည်။ ကျနော်၏ နံဘေးတွင် တရားထိုင်သူကို တွေ့ရသဖြင့် ဝမ်းသာမိသည်။

အကယ်၍ တဦးတည်းဆိုပါက ကြောက်စိတ် ဝင်လာမိမည်ကို စိုးရိမ်ပူပန်ရတော့မည်။ ခုတော့ တော်သေးသည်။ ကျနော်သည် တရားအားမထုတ်မီ ဘုရားအစရှိသော ရတနာမြတ်သုံးပါးနှင့် မိဘဆရာသမားတို့အား ရှိခိုးခြင်း၊ ပူဇော်ခြင်း အမှုကိုပြုပါသည်။

ထိုနောက် (၅) ပါး သီလကို ခံယူ ဆောက်တည်ပါသည်၊ ကံငါးပါးအနက် ကံနှစ်ပါးကို သက်ဆုံးတိုင် မကျူးလွန်ရန်ဆောက်တည်ပါမည်ဟု ဝတီသစ္စာပြု ပါသည်။ ၎င်း က- ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရကံတို့ဖြစ်ပါသည်။

သမ္မာဒေဝနတ်မင်းအပေါင်း၊ ဗြဟ္မာမင်းအပေါင်းတို့အား၊ ပန်ကြားပါသည်။

ဤကဲ့သို့ သစ္စာပြုပြီးလျှင် နတ်ဗြဟ္မာအပေါင်း သတ္တဝါဝေနေယျအပေါင်းတို့အား အမျှပေးဝေခြင်း၊ မေတ္တာပို့ခြင်းပြုပြီးနောက်၊ ကျနော့်အားလာရောက် (သမထ) တရား ပညာ

သင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အား ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရနိုင်သူဖြစ်ပါစေဟု ဆုတောင်းပြီး ဘုရားထိုင်ပါတော့သည်။

ယခင်ကလို အာနာပါန ထွက်သက်-ဝင်သက် တရားမျိုး ထိုင်ခြင်းတော့ မဟုတ်ပေ၊ ခုဝိပ်ပုတီး စိပ်၍ ထိုင်ရမည်။ ကျနော့်အဘိုး စိပ်လေ့ ဝိတ်ထမရှိတော့ အတော်ကလေး ကသိကအောက်နိုင်ပါသည်။

ကျနော်သည် မျက်စေ့မှိတ်ပြီး ဂုဏ်တော်ကိုးပါး ဂုဏ်တော်ပုတီးကို စတင်စိပ်ပါတော့သည်။ စိပ်နေကြမဟုတ်တော့ စိပ်ပုတီးအပတ်ရေ မှားယွင်းခြင်း၊ တလုံးနှင့်တလုံး ကျော်သွားသည်ကို သတိပြုမိပါသည်။

ဒီညအဘို့ ဒီလောက်ပင် စိပ်၍ အိမ်သို့ ပြန်ခဲ့ပါသည်။

ဒီတခါတော့ ဒီနေရာသို့ ရောက်လာခဲ့ပြန်သည်၊ အကြောင်းက ဤသို့ပင် ကျနော်၏ အဓိဋ္ဌာန် မပြီးသေးချေ။

မဦးဆုံးသော လမ်းဝယ် လျှောက်ရသူကဲ့သို့ပင် ဆက်လျှောက်ရပေအုံးမည်။ သွားချင်လို့ သွားရချင်းသက် မသွားမဖြစ်၍ သွားသည့် ကိစ္စမျိုးလည်းမဟုတ်၊ ဤကား ကျနော်၏ အဓိဋ္ဌာန် အောင်မြင်ရန်အတွက် သွားရပေမည်။

သွားပါများ ခရီးရောက်၊ ဒေးပါများ စကားရ ဆိုရိုးရှိဘူးသည်။ ဒါကြောင့် သွားလိုသောနေရာသို့ မရောက်ရောက်အောင် သွားရန် စိတ်ဆုံးဖြတ်လိုက်သည်။

ကျနော် တဦး တည်း ပင်၊ စိတ်နောက် ကိုယ်ပါ သကဲ့သို့ ရောက်လိုသောနေရာသို့ ရောက်ခဲ့သည်။

ဤနေရာသည် မြေပြန့်လည်းမဟုတ်၊ မြင့်မား မို့မောက်

သော တောင်ကြီးလည်းမပြည့်၊ လူအများ ခေါ်စပြု ကြသည်မှာ သင်္ဂိုဏ်တာရကုန်း ဟူ၍ပင်။

ဝန်ကြီး ပဒေသရာဇာကလည်း ဤသို့ ဘုရားဆံတော်ရှင် သမိုင်းကို ကဗျာစပ်ဆိုခဲ့ပေသည်။

သင်္ဂုတ္တရ၊ ကုန်းမြတ်လှစွာ
အမည်မှာမူ၊ သတ္တာဘုမ္မိ
ဘူရိဒတ္တ၊ ပေါက္ခရဝတီ
သီဟရာဇာ၊ တမ္ဗာဂုတ္တ
တိဂုမ္ဘဟု၊ သတ္တ နာမံ
ကမ္ဘည်း ခံ၏၊ ကုန်းရံ ကိုးဆယ်
ကုန်းကိုးသွယ်ရှင့်။
ရွှေဝယ်မျက်နှာ၊ ဓမ္မာပူရ
တောင်အရပ်ကမူ၊ ဓညပူရာ
နောက်မျက်နှာဝယ်၊ ဝိဇယာပူရ
ဥတ္တရဒိသာ၊ မြောက်ရပ်မှာကား
ဥက္ကလာပ မြို့လေးဝသည့်
ပုပ္ဖဝတီ၊ ရေသီတာရစ်
အရှေ့မြစ်နှင့်၊ တလှစ်ဘောင်မှာ
ပဏ္ဏာနဒီ၊ သညီတွင်ဘိ
အသိဘာဥ္စနု၊ ပစ္စိမတည့်
သုဝဏ္ဏနဒီ၊ မြောက်ရပ်မှီ၏။
လေးလီမျက်နှာ၊ ခြံရံကာနှင့်

ကမ္ဘာ့ဘဒ္ဒ၊ မဠမဝယ်
စရဲပွင့်မှန်၊ ကကုသန်မြတ်စွာ
ကောဏာဂမန၊ ကဿပဟု
တေဇဝင်းပြောင်၊ နောင်တော်သုံးပါး
မြတ်ဘုရားတို့၊ တည်ထားသည့်ရှေး
တောင်ဝှေ့ရေစစ်၊ သင်္ကန်းဖြစ်ဟု
တံတစ် မော်ကွန်း၊ အစဉ်ထွန်းရှင့်
ရည်ညွှန်း နိမိတ်၊ ရှေးအတိတ်ဖြင့်
ဗျာဒိတ် ထပ်ဆင့်၊ ဆံတော်နှင့်သော်
လေးမည်ပေါ်သား၊ ကုန်းဘော်မြတ်ခေါင်
တောင်ငါးဆယ်သာ၊ အချင်းမှာမူ
ပြုဗ္ဗာ-မဇ္ဈိမ၊ ရှေ့နောက်မှကား
လေးရာ့ခြောက်ဆယ်၊ တောင်ဝယ်ကေ
ငါးသစ်မျှတည့်၊ ထီးမှနှစ်ဆယ်
စွန်းဝယ်မြောက်တောင်၊ နှစ်မိုက်ဆောင်၏
မြေခံတောင်နောက်ရှေ့၊ စေ့မြေ့သေသပ်
ဘိနပ်မှာမူ၊ နှစ်ရာ့နှစ်ဆယ်
စွန်းဝယ်ခြောက်တောင်၊ အဝန်းဆောင်မူ
ကိုးရာဟူရှင့်
ထက်မူပတ်ခြုံ၊ စေတီရံဝယ်
ရှစ်ဆယ်လေးဆူ၊ အောက်မူဘာရာ
ခြောက်ဆယ်သာတည့်၊ သီဟာရုပ
ဒွေ့ဝိသနှင့်၊ စရဲတွက်ရေ
ယင်းအနေတွင်၊ အောက်ခြေရံကာ

ပြာသာဒ်မှာမူ၊ ဆပညာသ
နောက်မှဆင့်ကာ၊ သမိုင်းမှာလည်း
မပါ၊မရှိ၊ မြဲမှတ်သိလော့၊
သီရိလျှံဝေ၊ ကျက်သရေနှင့်
ညာကြွေအောက်ထက်၊ ဘဝဂ်တိုင်အောင်
ပျံ့နှံ့ဆောင်သား၊ ဘုန်းခေါင်ဓမ္မရာဇ်
ရှင်ချစ်မြတ်စွာ၊ စေသကျာ၏
ရင်းချာပိုင်းခြား၊ မှတ်စိမ့်ထားသည်
ဘုရားဆံရှင်သမိုင်းတည်း။ ။

ကျနော်သည် ဘုရားခြေတော်ရင်းမှ ယင်ပြင်တော်ပေါ်သို့ ရောက်ချိန်တွင် မောစပြုလာတော့သည်။

နေမင်း၏ ရောင်ခြည်များက ကျနော့်အား နှုတ်ဆက်လိုက်ပါသည်။ ဖြတ်သန်း လျှောက်ခဲ့ရသော တန်ဆောင်းအတွင်းမှ အမှောင်ရိပ်များက ပျောက်ကွယ်သွား၏။

တသွင်သွင် တိုက်ခိုက်နေသော လေနုအေးများကို အားပါးတရ ရှူရှိုက်ရင်း ကျနော်သည် တန်ဆောင်းတခုအတွင်းသို့ ဝင်ရောက် ထိုင်လိုက်ပါသည်။

ဤသို့ ထိုင်နေရာမှ ပတ်ဝန်းကျင်သို့ တစေ တစောင်း ကြည့်မိ၏။ ကျနော်တယောက်မှလွဲ၍ အခြားမည်သူမျှ မရှိချေ။

မိမိကိစ္စနှင့် မိမိဆိုတော့ အခြားအကြောင်း ကိစ္စကို မတွေးမိချေ။ တခုတည်းသော အကြောင်းကို စဉ်းစားရမိသည်။ မိမိ

အတွေးနှင့်မိမိကိစ္စက ရှိသေးသည်။ ဤသည်ကား တရားထိုင်ရန် ပင် မဟုတ်ပါလော။

ကျွန်ုပ်သည် တရားထိုင်မည့် နေရာဆီသို့ ရောက်ခဲ့ပေမင့် တရားအားထုတ်ရန် မပြုသေးဘဲ ကျွန်ုပ်၏ မျက်လုံး အစုံက တောင်မြောက် လေးပါးဆီသို့ ဝေ့ရမ်းမိသည်။

ဒီဘော့ ကျွန်ုပ်တဦးတည်းမှလွဲ၍ အခြားမည်သူမျှ မရှိချေ။ ဤကဲ့သို့ ပတ်ဝန်းကျင် အခြေအနေကရှိနေသည်။

ပဏာမပြုလုပ်ရမည့် ပုပ်ငန်းကို စတင်ပြုလုပ်ပါသည်။ ဘုရား ရှိခိုးခြင်း၊ မေတ္တာပို့ခြင်း ပြုလုပ်ပါသည်။

၎င်းနောက် စိတ်ပုတီးစိပ်ပါသည်။ စိပ်ပုတီးစိပ်၍ ပြီးသော အခါတွင် နောက်ထပ် အာနာပါန ထွက်သက် ဝင်သက် တရား ကို ဆက်လက်အားထုတ်ပါသည်။

အဘယ်ကြောင့် စိတ်ပုတီးနှင့် အာနာပါန ထွက်သက် ဝင် သက် အားထုတ်ရခြင်းမှာ စိပ်ပုတီးစိပ်ခြင်းသည် အပြင်အာရုံ များ ဖြစ်ကြသော....

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာစိတ်
၆။ တွေးတောစိတ်

အပြင်အာရုံခြောက်ပါးကို စိပ်ပုတီးစိပ်ခြင်းဖြင့် ပယ်ပျောက်

စေသည်။ စိတ်ပုတီး စိပ်သည့်အခါတွင် မိမိစိပ်သောဂုဏ်တော်ကို အာရုံပြုရပါသည်။
အခြားသို့ စိတ်ခါတ် မလွင့်ပါးစေရန် စိတ်ကို ဂုဏ်တော်ပေါ်တွင် အာရုံပြုရခြင်းဖြစ်ပါသည်။

ယင်းကဲ့သို့ အပြင်အာရုံသည် ပယ်ပျောက်ပြီးနောက် အတွင်းစိတ်တွင် ဖြစ်မေါ်သေ့ရှိသည်။

၁။ လောဘ

၂။ ဒေါသ

၃။ မောဟ

စသည့် အလွန်ဆိုးဝါးစေသည့် ရန်သူကြီးသုံးဦးသည် မိမိအတွင်းစိတ်တွင် မကိန်းအောင်းရန်အတွက် အာနာပါန တွက်သက် ဝင်သက်ဖြင့်ရင်း၊ စိတ်ငြိမ်ကြည်မှု ဖြစ်စေရန် ပွတ်တိုက်ပေးရပါသည်။

ကျနော်သည် စိတ်ပုတီးစိပ်ပြီးနောက် အာနာပါနကမ္မဋ္ဌာန်းဘာရားကို ဆက်လက်ပွားများနေပါတော့သည်။

ထိုအချိန်တွင် အမှတ်မထင် ကျနော့်စိတ်က ထင်လာတော့သည်။

ယင်းအကြောင်း နံဘေးတွင် သံဃာဘပါး ကြွရောက်ပြီးတရားအားထုတ်မည်ဟု အထင်ခါတ် ဖြစ်ပေါ်လာပါသည်။

ကျနော်၏ အထင်ခါတ်ပေါ်ပြီး နောက်အချိန်အနည်းငယ်တွင် ကျနော့်နဘေး၌ တဦးသော ပုဂ္ဂိုလ် လှုပ်ရှားနေသောအသံကိုကြားရပါတော့သည်။

ကျနော် မှိတ်လျက်ရှိသော မျက်စေ့ကိုဖွင့်ပြီး ဘေးပတ်ဝန်းကျင်သို့ တစေ့တစောင်း ကြည့်မိပါသည်။

ထိုအခါ ကျနော်ထင်သော အထင်ခေတ် အတိုင်း သံဃာတပါး ရောက်နေသည်ကို တွေ့ရသည်။

ဒီနေ့သည် နောက်ဆုံးနေ့၊ အမှန်ဆိုပါက ဂူဟ်(၈)ခွင်တွင် နောက်ဆုံးအနေဖြင့် အဓိဋ္ဌာန်ဝင်ရောက်ခြင်း၊ ရဟူဂူဟ်ခွင်တွင် တရားအားထုတ်ရန်ပင်ဖြစ်သည်။

ထိုနေရာသို့ ရောက်ရှိရန်မှုကား ဖြတ်သန်းလာရသော ခရီးလမ်းတွင် ကျနော့်အဖို့ နေပူရှိန်၏ဒဏ်ကို အလူးအလဲ ခံစားခဲ့ရပါသည်။

ထို့ကြောင့် ကျနော်၏တကိုယ်လုံးမှာ ချွေးများကွတ်စိုနေပါသည်၊ ကျနော်သည် ရွှေတိဂုံဘုရား ယင်ပြင်ပေါ်သို့ ရောက်ရှိပြီးနောက် အရိပ်ကောင်းသောသစ်ပင်ကြီးအောက်တွင် ခိုနားလိုက်ပါသည်။

ကျနော့်တွင် စွတ်စိုနေသောချွေးများ တိတ်သွားသောအခါ လိုရာခရီးသို့လာခဲ့ပါသည်၊ အဓိဋ္ဌာန်ဝင်မည့်နေရာသို့ ရောက်ရှိခဲ့ပြန်သည်၊ သို့သော်နေရောင်ကင်းသောနေရာကို လိုက်ရှာမြန်ပါသည်။

အကြောင်းမှာ တရား အား ထုတ် သော အခါတွင် နေရောင်များ ကျရောက်သည့်နေရာ၌ ထိုင်မိပါက နေရောင်၏အပူရှိန်ကြောင့် တာရှည်စွာတရားအားထုတ်နိုင်မည် မဟုတ်ပေ၊

ဤနေရာသည် ကျနော့် အတွက် သင့်လျော်သော နေရာ၊ တရားအားထုတ်ရာတွင် ကြာရှည်စွာ တရားအားထုတ် နိုင်မည့်နေရာချို၊ဖြစ်ပါသည်။

ကျနော်သည် ပြုလုပ်နေကျအတိုင်း ဘုရားရှိခိုးခြင်း၊ မေတ္တာ

ပို့ခြင်း ပြုလုပ်ပြီးနောက် စိပ်ပုတီးစိပ်ခြင်း ကမ္မဋ္ဌာန်း တရား ကို စီးဖြန်းပါတော့သည်။

ဂုဏ်တော်ပုတီး နှစ်ပတ်လောက်စိပ်ပြီးတော့အခါ ကျနော် ၏ နောက်ကျောဘက်မှနေ ကြောင် တ ကောင်သည် ကျနော့် အား မာန်ဖီ၍နေပါတော့သည်။

ယင်း အသံသည် ကျနော့် အတွက် အ နှောက် အရှက် ဖြစ်ခြင်းကြောင့် ဂုဏ်တော်ပေါ်တွင် အာရုံမတည်နိုင်ဘဲ ဖြစ်နေ ပါတော့သည်။

ကြောင်၏ မာန်ဖီသော အသံကို လေ့ကျက်မိအော အခါ တွင် တကြိမ်တခါမြင်ဘူးခဲ့သောကြောင်တကောင်နှင့်တကောင် ကိုက်ခဲ ရန်ပြုကြသော အချိန်တွင် တ ကောင်နှင့် တ ကောင် အရှုံးမပေး၊ အနိုင် မခံသော ဒိတ်ဖြင့် မာန်ဖီ အော် မြည် နေသကဲ့သို့ ကျနော်၏ နောက် ကျော ဘက်မှ အော် မြည် နေသော ကြောင်၏ အသံက အဆက်မပြတ် အော်ဖြည်နေပါ သည်။

ကျနော် တရား အားမထုတ်ခင်က ဤနေရာ၏ ပတ် ဝန်း ကျင်ကို ဂရုဘစိုက်ကြည့်မိပါသည်။

ဤအချိန်တွင် တိရစ္ဆာန်ဟူ၍ တကောင်တလေမျှ မတွေ့ပေ။ အော်နေသောကြောင်မှာ တကောင်တည်းပင်။

တကောင်နှင့် တကောင်ကိုက်ခဲမည် ဆိုပါက နှစ်ကောင်၏ အသံ ပေါ်လာပေမည်။ ထို ကြောင့် ကျနော်သည် ကြောင် အော်သံကို စိတ်ကသာ မကျေနပ်သော်လည်း ရုပ် ခန္ဓာ ကမူ တည်ငြိမ်မြဲတည်ငြိမ်လျက်။

ယင်း ကြောင် အော်နေခြင်းမှာ ဘစ်တယောက်သော သူကို တွေ့ခြင်းကြောင့် အော်နေဟန် တူပေသည်။

ကျနော်သည် တရားအားထုတ်ရာတွင် အထိုင်မပျက် ပကတိ တည်ငြိမ်နေခြင်းကြောင့် မာန်ဖီနေသော ကြောင်၏ အသံမှာ ကြာမြင့်သော အချိန်၌ ပျောက်ကွယ်သွားပါသည်။

လောက၌ အကောင်းဆုံးဟုသိလျက် လုပ်နေရသော အလုပ်များကိုပင် နှောက်ရှက်ခြင်းက ပေါ်လာစမြဲ။

လေးဆူကုန်သော ဘုရားရှင်အပေါင်းတို့၏ ကိန်းဝပ်တော်မူသည့် တန်ဆောင်းထဲတွင် အမိဌာန်တရားများဝင်ရောက်အားထုတ်ရတော့မည်။

သို့သော် မသိသေးသော အကြောင်းက ရှိသေး၏။

၎င်းက မည်သည့် တန်ဆောင်းတွင် ကိန်း ဝပ် ဆံတော်မူသော ဘုရားရှင်၏တွဲနေမည်ကို မသိနားမလည်သော ကျနော့် အဖို့လေ့လာရပြန်သည်။

အရှေ့ဘက်တန်ဆောင်းတွင် ကကုသန်ဘုရား၊
အနောက်ဘက်တန်ဆောင်းတွင် ကဿပဘုရား၊
တောင်ဘက် တန်ဆောင်းတွင် ကောဂုံဘုရား၊
မြောက်ဘက်တွင် ဂေါတမဘုရား၊

လေးဆူကုန်သော ဘုရားရှင် အပေါင်းတို့ ကိန်းဝပ် ဆံပယ်တော်မူသည့် တန်ဆောင်း များကို သိရှိနားလည်သော အခါ ကျနော်သည် အမိဌာန် တရား အားထုတ်ရန် စတင်ပြုလုပ်ပါတော့သည်။

လေးဆူသော ဘုရားရှင် အပေါင်းတို့၏ တန်ဆောင်းများ တွင် နေ့စဉ်ရက်စက် တရား အားထုတ် ပြီး နောက် ဂေါတမ ဘုရားရှင်၏ တန်ဆောင်းအတွင်းသို့ ဝင်ရောက် တ ရား အား ထုတ်ရမည့် အချိန်သို့ ရောက်ခဲ့ပါသည်။

ထိုတန်ဆောင်းအတွင်း၌ တရားအားထုတ်ရန်ရောက်ရှိခဲ့လာ တန်းဆောင်း အတွင်းတွင် ဘုရားဝတ်ပြုနေသူများ ရှိနေသော ကြောင့် ကျွန် တော် သည် မတ်တတ်ရပ်ကာ စဉ်းစား နေပါ သည်။

အကြောင်းမှာ လူများသော နေရာတွင် တရား အားထုတ် ရန်အလို့ငှါ ကျနော့်အတွက် အနှောက် အယှက် ဖြစ်နေလိမ့် မည် အထင်ကြောင့် အနှောက် အယှက် ကင်းသော နေရာကို ရှာဖွေရပါသည်။

တန်ဆောင်း၏ အတွင်းထဲသို့ ရုပ်ပွားတော်များကိုဖြတ်သန်း သွားပြီးနောက် အတွင်းထဲသို့ ရောက်ခဲ့ပါသည်။

တရားအားထုတ်ရန် ကောင်းသော ဂူတခုကိုတွေ့ပါသည်။

ထိုနေရာသည် တိတ်ဆိတ် ငြိမ်သက်ပြီး ပတ်ဝန်းကျင်း၌ လူသူကင်းမဲ့လျက် ရှိပါသည်၊ ထိုဂူအတွင်း၌ ဘုရားတဆူရှိပါ သည်။

ဂူအတွင်းရှိ ဘုရားအား ပန်း၊ဆီမီးများ လှူဒါန်းထားသည် ကို တွေ့ရပါသည်။

ကျနော်သည် ၎င်းဂူ၌ တရားအားထုတ်ရန် ပြင်ဆင်လိုက်ပြီး နောက် စိပ်ပုတီးကို စိပ်ပါသည်။

စိပ်နေရင်းမှ နောက်ဆုံး အပတ်တွင် ကျနော့်၏ တကိုယ်

လုံးမှာ လှုပ်လှုပ်ရွရွဘွန့်တုန့်ရှိရှိဖြစ်ပြီး စိပ်နေသော ပုတီးမှာ သည်းလေးလာပါသည်။

ကျနော်၏ စိပ်ပုတီးများသည် ကျနော်၏ လက်နှစ်ဘက်က ဘုရားသို့ဦးတိုက်ပြီး တဖန်လက်နှစ်ဘက်နှင့်စိပ်ပုတီးကိုပွတ်ချေ၍အပေါ်မြောက်အောက်နိပ်ဖြင့်စိပ်ပုတီးများပွတ်ကာ ကျနော်၏လက်လှုပ်ရှားနေပါသည်။

၎င်းအပြုအမူများသည် ရုတ်တရက်ဖြစ်ပေါ်လာသော အပြုအမူများဖြစ်ပါသည်။ )

မိမိကိုယ်ကိုဆန္ဒဖြစ်ပေါ်စေရန်ကြိုတင်ကြံစည်မှုမရှိပါ။

သူ့သဘောသူဆောင်၍ ဖြစ်နေကြောင်း သတိပြုမိပါသည်။

ယင်းအကြောင်းအရာများကိုမိပြန်လည်သုံးသပ်သည်မှာစိတ်ပုတီးကိုသိဋ္ဌာန်ပေးခြင်းဖြစ်သည်ဟုထင်မှတ်မိပါသည်။

အကြောင်းကြောင့်အကျိုးထင်မိသည်။

ကျနော့်စိတ်ကို စိပ်ပုတီးစိပ်ခြင်းဖြင့် စင်ကြယ်အောင်ပြုလုပ်ပေးခြင်း တခါတရံစိတ်ပုတီး စိတ်နေရာတွင်စိတ်တည်ငြိမ်မှုမရှိ။

ဟိုရောက်သည်ရောက်အပြင် အာရုံပေါ်တွင်သည်ရှိနေသောအခါတွင်စိပ်နေသော ဂုဏ်တော်ကိုအသံထွက်အောင် စိပ်ပြီးစိတ်ပေါ်တွင်ဂုဏ်တော်သည်ငြိမ်မှုရှိမှ ပြန်လည်၍ စိပ်နေကြအတိုင်း စိတ်ပါတော့သည်။

၎င်းနောက် စိတ်စင်ကြယ်မှုရရှိရန် တဖန်ထွက်သက်ဝင်သက်ကိုအချိန်ကြာရှူရှိုက်ပြီး အသက်ရှူခြင်းကို သက်သာမှုရှိသောအခါမြတ်စွာဘုရား၏ ဂုဏ်တော်တခုခုဖြင့် ရွတ်ဆိုပေးခြင်းသည် စိတ်၏စင်ကြယ်မှုရရှိခဲ့ပါသည်။

ပထဝီကသိုဏ်း ဝန်းကို စူးစိုက်ကြည့်ပြီး ကျင့်ကြံခဲ့သောကြောင့် စိတ်စင်ကြယ်မှုဖြစ်ခဲ့ပါသည်။

အားလပ်သောအချိန်တိုင်း [illegible] ကို[illegible]များနေခြင်းကြောင့် စိတ်သည် စင်ကြယ်ခဲ့ပါသည်။

ယင်းအကြောင်းများကြောင့် အကျိုးတရားများ တွေ့ရှိခဲ့ပါသည်။

ဒီနေ့စိတ်က သတ်သတ်လွတ်(၄၅)ရက်စားပြီး အဓိဋ္ဌာန်ဝင်ရန်ဖြစ်ပေါ်လာတော့သည်။

စိတ်၏ဖြူစင်သောအသိကြောင့်ပင် ရင်းနှီးကာစ၌ အဓိဋ္ဌာန်ဝင်ပါတော့သည် စားလေ့စားကျင့်မရှိသောကြောင့် ကျနော်အဖို့ ကသိကအောက်နိုင်လိမ့်မည်ဟု ထင်ခဲ့သော်လည်း ကျနော်၏စိတ်က ရောင့်ရဲတင်းတိမ်မှု လေ့ကျင့်နိုင်သည့်အတွက် ယင်းသတ်သတ်လွတ် စားခြင်းကို အလွယ်တကူစားနိုင်ခဲ့လေသည်။

သတ်သတ်လွတ်စားခြင်း၏ အကျိုးကျေးဇူးကြောင့်ပင် ဖြစ်ပေမည်။

တရားအားထုတ်သောအခါတွင် အာရုံပေါ်၌တွေ့မြင်ရသော အကြောင်းအရာများမှာ ယခင်ကလိုမဟုတ်ဘဲ ခပ်လှမ်းလှမ်းမှ တရားအားထုတ်နေသောပုဂ္ဂိုလ် သင်္ကန်းပတ်ဖြင့် မတ်တတ်ရပ်နေသောပုဂ္ဂိုလ် များကို မသဲမကွဲမြင်ရသော်လည်း ကိုယ်လုံးသဏ္ဌာန်ကိုတော့သဲသဲကွဲကွဲမြင်ရသည်။

ကျနော်သည်နေ့စဉ်နေ့တိုင်းသတ်သတ်လွတ်စားခြင်း တရားအားထုတ်ခြင်းများကို ပြုလုပ်နေသောတနေ့တွင် မမြော်လင့်ဘဲ

အသံရှင်၏ အမိန့်ပေးလိုက်သော အသံကိုကြားလိုက်ရပါတော့သည်။

"ဒီနေ့ကစပြီး ဥပုသ်(၉)ရက်စောင့်ပါ-ညစဉ်(၉)ရက် ညဉ့်ဘနာရီကျော်တိုင်း စတင် တရားအားထုတ်ပါ"

အသံရှင်၏ အမိန့်ကြောင့် ဥပုသ်(၉)ရက်ကိုစတင်ဆောက်တည်တော့ပါသည်။

အသံရှင်၏လုပ်ခိုင်းချက်များကို မငြင်းဆန်ဘဲ ပြုလုပ်ခဲ့သည်မှာ နှစ်တွေကုန်၍ လများပင်ကျော်ခဲ့သည်မဟုတ်ပါလော။

ပတ်ဝန်းကျင်တခုလုံးသည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိပါသည်။

အကြေါင်းမှ ပတ်ဝန်းကျင်း တခုလုံးကို အမှောင်ထုက ဖုံးလွှမ်းထားလေသည်။

အချိန်ကား ညဉ့်ဦးဘက်ပိုင်းသို့ ရောက်ရှိခဲ့သည်၊

တခါတရံ အိပ်မောကျ နေသူများ၏ ဟောက်သံများ လူးလိမ့်သံများ ညဉ့်၏ အမှောင်ထုကို ကျော်ဖြတ်၍ ပေါ်လာတတ်၏။

ကျနော်မှအပ ကျန်အိမ်သူအိမ်သားများသည် အိပ်မောကျနေကြသည်။

ကျနော်သည် အသံရှင်၏ ပြောသည့်အတိုင်း ညဉ့်ဦးပိုင်းတွင် တရားကျင့်ရန် အိပ်ရာမှ ထလိုက်ပါတော့သည်။

သို့သော်လည်း ကျနော်၏ ခန္ဓာကိုယ်မှာ သက် သတ် လွတ်စားခြင်း၊ဥပုဒ်စောင့်ခြင်းကြောင့် နွမ်းနယ်နေပါသည်။

ကျနော်သည် တရားအားထုတ်ရန် အတွက် အိမ်ရှေ့ခန်းရှိ ဘုရားစင်ရှေ့သို့ရောက်ပြီး ဘုရားဝတ်ပြုလိုက်ပါ တော့သည်။

၎င်းနောက် ကမ္မဋ္ဌာန်းတရားများကို စီးဖြန်း အား ထုတ် ပါသည်။

ညဉ့်အချိန်ကျလျှင် အိပ်နေခြင်းမှ ထလေ့ တာ ၈ မရှိသော ကျနော်အဖို့ တရားအားထုတ်နေရင်းပင် ငိုက်မြည်း နေပါသည်။

အိပ်ချင်သော ဇောကြောင့် ကျနော်သည် တရားကိုကြာ ရှည်စွာ အားမထုတ်နိုင်ဘဲ အိပ်လိုက်ပါတော့သည်။

× × + ×

( ၇ )

အိပ်ရာမှ ထလေ့ ထစမရှိတော့ ကျနော်၏ မျက်လုံးများ ကျိန်ဖန်ခြင်းမရှိ၊ငိုက်မြည်းခြင်းမရှိတော့ချေ။

အသံရှင်၏ အမိန့်ဒ ရ ကျင့်ကြံ အား ထုတ် ခဲ့ရသည်မှာ ဤညသည် နောက်ဆုံးညပင်ဖြစ်ပေသည်၊

ကျနော်သည် အချိန်ကြာမြင့်စွာ တရားအားထုတ် ရသော်လည်း ညောင်းညာ ကိုက်ခဲခြင်းမရှိ၊ ငြီးငွေ့ဖွယ် ပျင်းရိခြင်း မဖြစ်ခဲ့ပေ။

အာရုံနိမိတ်များတွင် ပေါ်နေသော အရောင် အဆင်းများလည်း လေအဟုန်ဝယ် ဟီးလေးခိုလိုက်နေသော တိမ်လိပ် တိမ်သား ကဲ့သို့ပင် အရောင် အဆင်း များသည် တလိမ့် လိမ့်နှင့် အရောင် အမျိုးမျိုး ပြောင်းလဲနေပါသည်။

ကျနော်သည် ယင်း အာရုံ နိမိတ် များကို ကြည့်နေရသည်မှာ ပျော်သယောင်ယောင်။

ကျနော် ကြည့်နေသော အာရုံနိမိတ် အရောင် များသည် တရောင်ပြီး တရောင်ပြောင်လဲသွားသော်လည်း အစိမ်းရင့်ရောင်မှာ ပြောင်လဲသွားခြင်းမရှိချေ။

ထိုအရောင်သည် ပျောက်ကွယ်လွင့်ပါးခြင်းမရှိသော အစိမ်းရင့်ရောင်သည် ကျနော်၏ မျက်လုံးအစုံက လှုပ်ချက်ခြင်း မရှိ။

အစိမ်းရင့်ရောင်ကို ခိုင်ခိုင်မြဲမြဲလွင့်ပါး သွားအောင် စူးစိုက်ကြည့်နေပါတော့သည်။

ကျနော်သည်ထိုအစိမ်းရောင် ကိုကြည့်နေရင်းကြည့်ရင်းတဖြေးဖြေးနှင့် အစိမ်းရောင်ကိုနောက်ခံပြုပြီးပုဂ္ဂိုလ် တဦးပေါ်လာ ပါသည်။

ထိုပေါ်လာသော ပုဂ္ဂိုလ်သည် ကျနော် အား သေ သေချာချာစိုက်ကြည့်နေပါသည်။

ကျနော်လည်း ထိုပုဂ္ဂိုလ်အား ပြန် လည် ကြည့်နေပါတော့သည်၊

ဧင်း ပုဂ္ဂိုလ် ဝတ်ဆင် ထားသော အဝတ်မှာ အဖြူရောင် တိုက်ပုံအင်္ကျီနှင့် ပုဆိုးရောင်မှာ အစိမ်းရောင်ပေါ်တွင် မတ်တတ် စင်း အဖြူနှင့် ပုဆိုး ဝတ်သားပုံမှာ ကျစ်လစ် သိပ်သည်းစွာ ဝတ်ထားပါသည်။

တိုက်ပုံအင်္ကျီဘသည်ဘည်း ဝတ်ဆင် ထား သ ဖြင့် ရင်ပြင် တခုလုံးမှာ ပြည့်ဖြိုးမို့မောက်လျက်ရှိပါသည်။

ထိုပုဂ္ဂိုလ်၏ ရုပ်အသွင်မှာ ယခုခေတ် လူသားကဲ့သို့ ပိန်ပိန် ညှက်ညှက် အားအင်ချိနဲ့သောသူ မဟုတ်ပေ။

အလွန် ခွန်အား ကောင်းပြီး အသား အရေများမှာ ဝဝ ဖြိုးဖြိုးရှိပါသည်။

မျက်နှာတော်မှာလည်း နှာခေါင်း ပေါ်ပေါ်၊ နဖူးကျယ် ကျယ်၊မျက်မှောင်ကုတ်ကုတ်၊ဆံပင်ကို သေသပ်စွာ ဖြီးလိမ်းခြင်း မရှိသောကြောင့် ခေါင်းပေါ်တွင် ဆံပင်များ ပြန့်ကြဲလျက်ရှိ ပါသည်။

တဦးနှင့် တဦး ကြည်ကြည် လင်လင်၊ ပြတ်ပြတ် သားသား နီးကပ်စွာကြည့်နေပါသည်။

ထိုပုဂ္ဂိုလ်သည် ကျနော့်အား မျက်တောင် မခတ်ပဲ စိုက် ကြည့်မြဲ စိုက်ကြည့်နေခြင်းကြောင့် ကျနော့်အဘို့အနည်းငယ် ကြောက်ရွံလာတော့သည်။

ထိုအချိန်တွင် ကျနော့်အား ကြည့်နေသော ပုဂ္ဂိုလ်၏ နှုတ်မှခနေ(မင်းဆရာ ငါပါကွ)ဟု ပြောဆို ပြီးနောက် ပျောက် ကွယ်သွားပါသည်။

ထိုပုဂ္ဂိုလ်ထူးသည် ကျနော့်ဆရာ ဆရာကို မြင်ဘူးပေပြီး။

သို့သော် ဆရာကြီးသည် မည်သည့် ပုဂ္ဂိုလ် ဖြစ်ကြောင်းနှင့် ဘွဲ့နာမည်ကိုတော့ မသိလိုက်ရသဖြင့် ကျနော် တယောက်အဖို့ ဘဝင်မကျဖြစ်ရပါတော့သည်။

ယင်း အကြောင်းနှင့် ပတ်သက်၍ အခြားသူများကို အသိပေးပြီး မေးကြည့်ပါက ၎င်းပုဂ္ဂိုလ်ထူး အား သိနိုင် တော် သေး၏။

မသိပဲ တောင်ပြော မြောက်ပြော ဘောင်စင်ရေမရကြားရမှုဖြင့် အခက်ကြုံရအုန်းမည်၊ ကျနော် ဆရာအား တွေ့ရှိခဲ့သော်လည်း အကြောင်းစုံလင်မှု မသိရှိရသောသူ ကျနော်မှာ ဝမ်းနည်းစွာ ရှိနေပါတော့သည်။

ကျနော် တရားအားထုတ်ရာကျောင်း လာရောက် သွန်သင်ဆုံးမ ညွှန်ကြားပြသသော ဆရာထူး အောင်မြတ် တဦးပင် ဖြစ်ပါသည်။

အလည်အပတ် သဘောမျိုးဖြင့် ဦးလေးအိမ်သို့ ရောက်ရှိသွားပါသည်။

ကျနော် တွေ့ကြုံခဲ့ရသော အကြောင်းအရာများကို တခွန်း တလေမျှ မပြောပြချေ။

အလာပ-သလာပ ပြောဆိုနေရာမှ ကျနော်သည် တရားကျင့်နေကြောင်းကို သူက သိသဖြင့် သူငယ်စဉ်တုန်းက စုဆောင်းထားသော ဝိဇ္ဇာဆရာကြီးများ၏ အထုပ္ပတ္တိသမိုင်းစာအုပ်များကို ထုတ်ပေးပါသည်။

ထိုစာအုပ်များကိုယူပြီး အိမ်သို့ပြန်ခဲ့ပါသည်။

အိမ်သို့ ရောက်မဆိုက် ကျနော်ယူခဲ့သော စာအုပ် များကို တအုပ်ပြီး တအုပ် ဖတ်ကြည့်ပါသည်။

နောက်ဆုံးစာအုပ်ဖတ်ရ အပြုစာအုပ်အဖုံးတွင် တွေ့လိုက်ရသော ပုဂ္ဂိုလ်အားကြည့်၍ မဆုံးနိုင်အောင် စိုက်ကြည့်နေပါသည်။

ထိုပုဂ္ဂိုလ်သည် ကျနော်ဆရာ၊ ထိုပုဂ္ဂိုလ်သည် (ဘိုးတော်အောင်မင်းခေါင်း)ဖြစ်ပါသည်။

မမြော်လင့်ဘဲ ၃ရက်အတွင်း ဆရာ၏ ရုပ်ပုံလွှာကို ဖူးမြော်ရသဖြင့် ကျနော်အဖို့ အတိုင်းမသိ ဝမ်းသာလျက် ရှိပါသည်။

ဆရာ-သခင် ကျေးဇူးရှင် ဘိုးတော် အောင်မင်းခေါင်း၏ သမိုင်းကို ရရှိထားသော စာအုပ်မှ ကောက်နှုတ် ဖေါ်ပြလိုက်ပါသည်။

ပုပ္ပါးတောင်မြတ် ဘောင် ကလပ်တွင် ၁၀နှစ် ကျော်မျှ သီတင်းသုံးနေထိုင်တော်မူလာသောဘိုးတော်မင်းခေါင်းခေါ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တကယ့် အာဇာနည်းကြီးကို အချို့က ထွက်ရပေါက် ပုဂ္ဂိုလ်ကြီး၊အချို့က အနာဂါမ်၊အရိယာကြီး၊အချို့က လည်း အရှူးကြီးဟု အမျိုးမျိုးပြောဆိုနေကြလေသည်။

"အချပ်ချောက်၊မွေ့နှောက်လည်၊အတည်မကျ၊ ဗာဟီလိုက်၊ မိုက်လေစွဟု၊ မောဟချိပ်ငင်း၊ အရှူးများပင် ထင်ကြသေးတယ်၊ လိုအင်အရေး၊သိန္ဓီပေါက်၍၊ မချောက်လေသေးတော့၊ ရိဆေးဗလချာ။ဖျင်ပိုင်းကိုဝတ်၊ ရွတ်နာနာနှင့်၊ ကြမ္မာကံခေါ၊ကျောင်းမှာ ကပ်၍ နေရတယ်"

အစ ရှိသော ရသေ့ ဦးအောင်၏ ဝဲသားကို ဖတ်ရှုရခြင်းအားဖြင့် ဆံရှည် ကိုယ်တော်ကြီး ဦးကောဏ္ဍည အစ ရှိသော ထွက်ရပေါက် ပုဂ္ဂိုလ်ကြီး များအား ထွက်ရပ်လမ်းသို့ မကြွမြန်းကြမီ သာမာန်မျက်စိဖြင့် ဂုဏ်ပကာသနကို ကြည့်ရှုသူ များက

အရှုးကြီးများဘဲဟု ထင်မြင်ပြောဆို ကြသည်မှာ ဓမ္မတာပင် ဖြစ်ချေသည်။

"ဂုဏဝန္တေပသန္တိဇနာ"ဟု လာရှိသော ပါဠိတော်အရ လူအပေါင်းတို့သည် ဂုဏ်ပကာသန ကိုသာ မက်မော ကြလေ သည်။ အကျင့်ကို ကြည်ညိုခြင်းထက် အဝတ်ကို ကြည်ညိုခြင်း၊ အဆင်းကိုကြည်ညိုခြင်း၊ အပြင်ပန်းကို ကြည်ညိုခြင်းက ပိုမိုများ ပြားကြလေသည်။

မည်သို့ပင် ဆိုစေကာမူ အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးတို့၏ သဘောမှာ မိမိ၏ ရည်ရွယ်ချက်ခရီး အပြီးသို့ မဆိုက်ရောက်မီ တေမိမင်းသား၏ ထုံးကို နှလုံးထား၍ မမိုတ်မသုံကျင့်ကြံအား ထုတ်တော်မူကြကုန်၏။

တေမိမင်းသားသည် ၁၆ နှစ် ပတ် လုံး မိမိ၏ အလိုဆန္ဒ မပြည့်ဝမှီ လှုပ်မရှက်လျောင်လျက်သာတုဏှိဘာဝေ ဆိပ်ဆိပ် သာနေလေခြားသော်လည်း သုနန္ဒာရထားမှူး တွင်းတူး၍နေ စဉ် "ငါဟင် ယခု အဝတ် တန်ဆာ ရှိသေးကိုလည်း ရထားမှူး ချွတ်ယူသိမ်းထားသဖြင့် ယောကျ်ားရုပ် ပြီရုံမျှသာ ရှိချေသည်။

ဘုန်းကြက်သရေဟူသည်မှာ တန်ဆာဆင်ခြင်းလည်း တဒင် ဖြစ်ပေသည်။

ကြက်သရေဘုန်းတန်း၊ ပွင့်လန်းခြင်းအကြောင်း စတ်ကောင်း တန်ဆာဝတ်ဆင်ရသော် ငါ၌ကောင်းလေ၏ဟု အကြံဖြစ်တော် မူ၏"ဟူသော တေမိယ ဇာတ်တော်ထွက်စကား၌ ဘုရားလောင်း သည် ပြည် စည်းစိမ်ကိုကား မခင်၊ အဝတ်တန်ဆာကို အဘယ် ကြောင့် မြင်ပြန်သနည်းဟူမူ ဂုဏ်ကြက်သရေဟူ၍ ဆောင်လျှင်

အောင်မြင်လွယ်ခြင်းအကြောင်းရှိသဖြင့် အခွင့်သိုရာ ပြီးစေခြင်း ငှာ ခါသို့လိုက်၍ အခိုက် အတန့် ခင်မင်တော်မူရလေသည်ဟု သိအပ်ပါသည်။

ယခုလည်း ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၄၂ ခုနှစ် နန်းတက်တော်မူ၍ ၂၀ နှစ် တိုင်တိုင် အင်းဝပြည်ကြီးကို စိုးစံ တော်မူပြီးနောက် ထွက်ရလုမ်းသို့ ကြွ မြန်းတော် မူလေရာ ၄-၇ နှစ်ပတ်လုံး အလုပ်တာဝန် အလုံးစုံ မင်းမြောက်ခင် တောတခွင်၊ တောင်တခို၊ ရှိုအမြောင်မြောင်၊ တောင်အထပ်ထပ်၊ တောင်ကလပ်တွင် တောင်စွယ်၊ တောင်လယ်၊ တောင်ခါးပန်း တို့၌ လှည့်လည် ကြွလှမ်း၍ စံမြန်းခဲ့လေသည်။

အင်းဝခေတ်ကို တည်ထောင်တော်မူသော သတိုးမင်းဖျား သည်သက္ကရာဇ် ၇၂၆ ခုနှစ်၌ စစ်ကိုင်းနှင့်ပင်းယ နှစ်ပြည်ထောင် အလုံးအရင်းဆင်မြင်းများနှင့်တကွ တပ်ကြီးအရပ်တွင် တပ်ခိုင် တပ်လုံတည်ပြီးလျှင် ရဲမက်တော်တို့ကို နေစေသည်။

ဘုရင်မင်းခေတ်မှာရော၀နှင့် နဝရတ်ရွှေဖေါင်နှင့် နေတော် မူပြီးလျှင် ကျေးကျည်းအင်း ကျောက်မော် အင်း အင်းတူးအင်း ဥန္နအင်းများကိုဖို့စေသည်။

ဤမြင်စိုးယမင်းဝတောင်ညွန့်လည်း ဖြစ်သည်ဟု-သက္ကရာဇ် ၇၂၆- ခု ကပေါင်းလဆန်း ၆ ရက်အင်္ဂါနေ့- ညဥ့်ဗဟိုလ္လန်- တူ လဂ်တွင် ရတနာပူရ အဝမြို့နှင့်နန်းတော် ကိုဘည်စပြုသည်။

သတိုးမင်းဖျား မင်းကြီးစွာစော်ကဲ ဆင်ဖြူရှင်တရုဖျား မင်းခေါင်ကြီး အသိ မင်းလေးဆက်ဖြစ်ရာ မင်းခေါင်ကြီး မှာ ပဌမမင်းခေါင် ဘုရင်မင်းခြတ် သတိုးမင်းခေါင် ဟူ၍ အမည် အမျိုးမျိုးတွင်သော မင်းဆွေဖြစ်သည်၊

ငှင်းနောက် ဆင်ဖြူရှင် သီဟသူ၊မင်းလှငယ်၊ ကလေးကျေးတောင်ညို-မိုးညှင်းငင်း၊ မင်းရဲကျော်စွာ၊ နရပတိ(ပြည့်စုံမင်း)၊ သီဟသူ၊ဒုတိယ မင်းခေါင်ဟူ၍ အစဉ်အတိုင်း ဖြစ်သည်။

အင်းဝခေတ် နောက်ဆုံးနန်းစံ၊ ဟံသာဝတီ ပါမင်း၏ဘခထွေတော်လည်း သတိုး မင်း ခေါင်း အမည်ဖြင့် စဉ့်ကိုင်အရပ်ကို ဇေယျဝမုနတိုင်း သမုတ်၍ မင်းပြုဘူးသည်။

သို့ကြောင့် မင်းခေါင်းသုံးပါးဖြစ်သည်။

အင်းဝမင်းဆက်(ညောင်ရမ်းပါ) ၂၉ပါးဖြစ်ရာ သက္ကရာဇ် ၇၂၆ ခုနှစ်မှ ၈၄၂ ခုနှစ်အထိ နှစ်ပေါင်း ၁၁၅နှစ် ၁၂ဆက်မြောက် ဘုရင်မင်းမြတ် သည်ကား ရာဇဝင်တွင် အလွန်ထင်ရှား ကျော်စောဘော်မူသော ဒုတိယ မင်းခေါင်း ဖြစ်၍ (ပြည့်စုံမင်း)သီဟသူ၏ သားတော်ဖြစ်သည်။

ဒုတိယမင်းခေါင်သည် သက္ကရာဇ် ၈၀၈ ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၈၄၂ ခုနှစ်တွင် (သီရိသုဓမ္မာရာဇာဓိပတိ) ဟူသောဘွဲ့တော်ဖြင့် ရာဇာဘိတ်သိတ်ခံယူတော်မူသည်၊

နံတော် စနေသားတည်း။ သက္ကရာဇ် ၈၆၃ ခုနှစ် တကဆဲ၊ တန်ခူး လပြည့်ကျော် ၅ရက်နေ့၊ နန်း စည်း စိမ် ၂၁နှစ်အောင်အင်း(စမ) အတတ်ဖြင့် ထွက် ရပ် လမ်း သို့ ကြွမြန်းတော်မူသည်။

ယခု သက်တော် ၅၀၂ခုနှစ် ရှိတော်မူသော ပုပ္ပါး(အောင်မင်းခေါင်)ဘိုးတော်ကြီးဖြစ်တော်မူသည်၊

သက်တော် ၅၄နှစ်ပြည့်မြောက် ၅၅နှစ်သို့ အရောက်တွင် ထွက်တော်မူသည်။

(၁၀၈)နဝင်းဓါတ်ကို အသုံးပြုတော်မူ သဖြင့် ထက် ဝက် ဖြစ်သော နက္ခတ်ကြေ၊ နဝင်းကြေ၊ ကာမစိတ် ၅၄ ခုကို ပယ်တော်မူခြင်းဖြစ်သည်။

ယို့အခါ လျှင် ခုနှစ်ရက်ဘိုင်ဘိုင်လှုပ်သည်၊ ဘုရား ရုပ်ထုတော်ထွက်ကြွတော်မူသည်ဟုကျော်စောသည်။

ဒုတိယမင်းခေါင် (ဘိုးတော်မင်းခေါင်)သည် ဟံသာဝတီပြည့်ရှင် ဓမ္မစေတီ နန်းစံ ၉-နှစ်၌ မင်း ဖြစ်တော် မူလေရာ၊ ဓမ္မစေတီမင်းနှင့် ၁၂-နှစ်လုံးလုံး သိမ်းပြိုင်နန်းပြိုင်ဖြစ်သည်။

၁၂-နှစ်ရွယ်မျှရှိသော သားတော် မဟာသီဟသူရကို မင်း မြှောက်၍ သားနှင့်အဘ ထီးဖြူနန်းခြား မသားဘဲ မင်းပြိုင် ပြုတော်မူကြောင်း မုဋ္ဌောရွှေဂူဘုရားကျောက်စာတွင်ဆိုသည်၊

မဟာသီဟသူရကား ဘိုးတော့်ဘုရား ထွက်ရပ်လမ်းသို့ မကြွ မြန်းမီ သက္ကရာဇ် ၈၆၂ ခုနှစ်၌ နတ်ပြည် စံတော်မူသည်။

သားတော်ကို နန်းပြိုင်ပြုတော်မူသည်မှာ ထွက်ရပ်လမ်း သို့ ကြွမြန်းတော်မူရန် အဆင်သင့် စီမံတော်မူခြင်း ဖြစ်သည်။

ဒုတိယသားတော်ရွှေနန်းကြော့ရှင်သည် သက္ကရာဇ် ၈၆၃-ခု နှစ်၌ ထီးနန်းမွေကို ခံယူတော်မူရသည်။

ဘိုးတော်မင်းခေါင် နန်းစံ ၅-နှစ်၊ သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူဘုရင်ခံ မင်းကြီးညိုကို (မဟာဒေဝသီရိသူရ)ဟူသော ဘွဲ့တော်ဖြင့် ထီးဖြူဆောင်း မင်းပြိုင် ပြုတော်မူစေသည်။ (ဤ သည်ကား ရာဇပရိယာယ် လိမ္မာတော်မူခြင်း ဖြစ်သည်။)

“လူမျိုးကြီးစိုးလျှင် ထိုလူမျိုး၏ အရောင်းအဝယ် ကြီးမား ၏၊ တိုင်းပြည် အေးချမ်းသာယာလျှင် စာပေပညာ တိုးပွား၏”

ဟု ဆိုသောစကားအရ ဘိုးတော်မင်းခေါင်၏ ရွှေလက်ထက် ဘော်၌ အကြီးအကျယ် စစ်ပွဲများမရှိဘဲ တိုင်းပြည် အေးချမ်း သာယာလေရာ မြန်မာစာပေဘက်တွင် အထူးသဖြင့် ကျော်ဇော သည့် ပုဂ္ဂိုလ်များ ပေါ်ထွန်းလာလေသည်။

ဘိုးတော်ဘုရားကြီး၏ကြီးမားသောဘုန်းကံကြောင့် ပညာရှိ ကြီးများ ပေါ်လာရသည်။

ထိုအခါ ထင်ရှားသောစာဆိုတော်တို့မှာ အရှင်မဟာ သီလ ဝံသ၊ အရှင်မဟာရဋ္ဌသာရ၊ သျှင်ဥတ္တမကျော်၊ သျှင်အဂ္ဂမ သာမိ၊ ကန်ဘော် မင်းကျောင်းဆရာတော်၊ ရှင်ထွေးနားသိန်၊ (နောက် တောင်ငူရောက်) ရှင်ထွေးညို၊ ရဝေ ရှင်ထွေးမိညို၊ မိပြုတို့ဖြစ်ကြသည်။

### ဓါတ်သိမ်းခြင်း (၅) မျိုးဆိုသည်မှာ

၁။ ကပ်သိမ်းခြင်းတပါး
၂။ ဓါတ်သိမ်းခြင်းတပါး
၃။ နတ်သိမ်းခြင်းတပါး
၄။ ဝိဇ္ဇာသိမ်းခြင်းတပါး
၅။ လူသိမ်းခြင်းတပါး

၁။ ကပ်သိမ်းခြင်း ဆိုသည်မှာ- မိစ္ဆာလွှမ်းမိုးသော နှစ်သည် ၆၄ ခုနှစ် ခေ့မြောက်သဖြင့် သဘာဝ ကပ် ကြေ၍ မိစ္ဆာကပ် သိမ်းသွားခြင်းကို ဆိုလို သည်။

၂။ ဓါတ်သိမ်းခြင်းဆိုသည်မှာ- အောင်-မင်းခေါင် ဘိုးတော်ဘုရားသည် ပါရမီရှင်တို့အား အမိန့်ပေး၍ တည်စိုက်ထားသော အောင်မင်းခေါင် စေတီတော် မဟိဒ္ဓိဓါတ်တို့ကိုနှိုး၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဓါတ်ကို သိမ်းခြင်းပင် ဖြစ်သည်။

၃။ နတ်သိမ်းဆိုသည်မှာ- နိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကမ္မသိဒ္ဓိ တန်ခိုးရှင် ဖြစ်တော်မူသော လောကပါလ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့၏ ကူညီစောင်မ စောင့်ရှောက်ကြ၍ ဆောင်ရွက်ခြင်းကို နတ်သိမ်းဟု ခေါ်သည်။

၄။ ဝိဇ္ဇာသိမ်း ဆိုသည်မှာ- အောင်-မင်းခေါင် ဘိုးတော်ဘုရားအမှူးရှိသော သာသနာပြုဝိဇ္ဇာဆရာကြီးများကသိဒ္ဓိတန်ခိုးတော်ဖြင့်ငြိမ်အေးရန်ကိုယ်တော်တိုင်ဆောင်ရွက်ခြင်းကို ဝိဇ္ဇာသိမ်း ဟုခေါ်သည်။

၅။ လူသိမ်းဆိုသည်မှာ နိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူအပေါင်းတို့သည်ပြည်တွင်းငြိမ်းမီးကြီးအေးစေရန်နှလုံးရည် လက်ရုံးရည်တို့ဖြင့် ဆောင်ရွက်ကြခြင်းကိုလူသိမ်းဟုခေါ်သည်။

\+ \+ \+ \+

(၉)

ဆောင်းသည်ရှင်း မိုးသည်ရှင်း နွေသည်ရှင်း အကြိမ်ကြိမ်ပြောင်းလဲခဲ့ပြန်သည်။

ကျနော်အိမ်ရှိ ကိုယ်လုံးပေါ်မှန်ရှေ့တွင်ရပ်လိုက်ပါသည်။

ရပ်လိုက်သည့် အကြောင်းမှာ ခေါင်းဖီးရန်အတွက်ဖြစ်ပါသည်။

သို့သော်ခေါင်းဖိ့ပြီးနောက်ကျနော်ရှေ့တွင်ရှိသောမှန်၏မျက်နှာပြင်ကို သေသေချာစိုက်ကြည့်မိပါသည်။

ကျနော်၏ ပထဝီကသိုဏ်း ကြည့်စဉ်ကကဲ့သို့ မျက်တောင်မခတ်ဘဲ မှန်ထဲမှပေါ်လာသော ကျနော်ရုပ်အသွင်ကိုစိုက်ကြည့်မိသည်။

မှန်ထဲမှပေါ်နေသော ကျနော့်ရုပ် ရုပ်၏နဖူးဘည့်တည့်ကို တည်ငြိမ်စွာကြည့်မိသည်။

ထိုအချိန်တွင်ကျနော်၏ မျက်လုံးမှာ အတွင်းသို့ ချိုင့်ဝင်သွားပြီး တဖြေးဖြေးနှင့်မျက်နှာဘပြင်လုံး ရုပ်ဆင်းသဏ္ဍာန်ပျက်သွားပြီး နဂိုရုပကတိ ရုပ်အသွင်မှာ ပြောင်းသွား ခါ- အသားများကွာကျသွားသကဲ့သို့ အရိုးများကိုတွေ့လိုက်ရပါသည်။

ယင်းကဲ့သို့ဖြစ်ပြီး နောက်တဖန် အဖြူရောင် အဆင်းများသည် ခေါင်းမှစပြီးတကိုယ်လုံး လွှမ်းမိုးထားလိုက်ခါတကိုယ်လုံးပျောက်နေပါတော့သည်။

ယင်းကဲ့သို့ဖြစ်ပျက်နေခြင်းကို ကျနော်သိလျှင်သိခြင်း ကျနော့်စိတ်ကိုသတိထားပြီး ချက်ချင်းမှန်ရှေ့မှခွါခဲ့ပါသည်။

ကျနော်တရားအားထုတ်ပြီးပါက- အိမ်နောက်ဘေးတွင်ပြေးလွှားနေကြသော အိမ်ကြွက်ကလေးများဆီသို့သွားပြီး မေတ္တာပေးလေ့ရှိပါသည်။

ကျနော်သိထားသော အသိဖြင့် သူတို့ မေတ္တာပေးခဲ့ပေါင်းများလာသောအခါတွင် ကျနော် နောက်ဖေးသို့ရောက်ရှိသွားပြီးနောက် ကြွက်ကလေးများသည် ကျနော်အားမြင်ရသောအချိန်တွင် ထွက်ပြေးခြင်း ပုန်းရှောင်ခြင်းမဟုတ်ဘဲ တနေရာတွင်ရပ်ပြီး ငြိမ်သက်စွာနေပါတော့သည်။

ထိုအချင်းအရာကို မြင်တွေ့ရသော ကျနော်မှာ ကျနော်ပေးတားသောမေတ္တာများ သင်တို့ရရှိပါက''သင်တို့လက်ဖြင့် သင်တို့ခေါင်းကိုကုတ်ပြပါ ခေါင်းလည်းငြိမ့်ပါ ''ထိုကဲ့သို့ ပြောဆိုသောအခါ ကြွက်ကလေးများသည် ကျနော် ပြောသည့်အတိုင်း ပြုလုပ်ကြပါသည်။

ထို့ကြောင့်မေတ္တာ၏တန်ခိုးကြီးမားပုံကိုတွေ့ရပြန်သည်။

ညတညတွင် ကျနော်တို့ ဇနီးမောင်နှံ အလာပ၊ သလာပ ပြောဆိုနေချိန် ကျနော်တို့ နံဘေးတွင် ကြွက် က လေး များ မြူးတူးပျော်ရွှင်စွာ ပြေးလွှားနေကြပါသည်။

ထိုအချိန် ကျနော်က''မင်းတို့ ငါပေးတဲ့မေတ္တာ ရတဲ့ကောင်လေးတွေဆို ငါ့လက်ပေါ် ပြေးတက်ခဲ့လို့ ပြောလိုက်ရာ ကြွက်ကလေးတကောင်သည် ကျနော့် လက်ပေါ်သို့ ပြေးတက်လာတော့သည်။

ကျနော်၏ ဇနီးမှာ လန့်ပြီး အော်လိုက် သဖြင့် လက်ပေါ် ပြေးတက်လာသော ကြွက် က လေး တကောင်မှာ အဝေးသို့ ပြေးသွားပါတော့သည်။

ကျနော်သည်(သမထ)တရား ကျင့်ကြံ အားထုတ်ရာမှ ရရှိခဲ့သော ပညာ ဆိုင်ရာများကို ဟောပြောရာမှ တနည်းချင်း ဖေါ်ပြပါမည်။

၁။ မနော ဓါတ်
၂။ အထင် ဓါတ်
၃။ အမြင် ဓါတ်
၄။ အကြား ဓါတ်
၅။ ကြိုး ဓါတ်

ကျနော်သည် ဟောပြောလိုသော စိတ်ဓါတ်များပေါ်လာပါတော့သည်။ စိတ်ဓါတ်၏ပြင်းပြမှုကြောင့် ကျနော်နှင့် လုပ်ဖေါ်ကိုင်ဘက် ဖြစ်သူ ဦးကိုကိုကြီးအား ဟောပါတော့သည်။

"ခင်ဗျား စီးပွားရေးလုပ်ကိုင်ဘို့ မိတ်ဆွေတဦးနဲ့ တိုင်ပင်ထားတယ် မဟုတ်လား၊ ခင်ဗျားမိတ်ဆွေ ခုနယ်သွားနေတယ်။ သူဟာ လူမျိုးခြား မဟုတ်လား။"

ကျနော် ရုတ်တရက် ဟောလိုက် ခြင်းကြောင့် သူ့မှာ ခပ်ကြောင်ကြောင်ဖြစ်နေပါတော့သည်။

"ခင်ဗျား ကျနော့်ကိစ္စကို ဘယ်လိုလုပ်ပြီး သိသလဲ"

သူ့ အမေးကြောင့် ကျနော် အဖြေရ ခက် နေပါသည်။ ကျနော်သိထားသော အသိကို သူနားလည်ရင် တော်သေးရဲ့၊ အကယ်၍ ကျနော်တယောက်ရူးနေပြီပြောရင် အခက်။

ကျနော်သည် ရှည်ရှည်ဝေးဝေးမပြောဘဲ စိတ်ထဲက အလိုလိုသိလာကြောင်း ပြောပြပါသည်။

ကျနော်၏ သိမှုသည် စိတ်ဖြူစင်ခြင်းကြောင့် (မနော)စိတ်ဓါတ်က အလိုလို တဘက်သား၏ အကြောင်းကို သိ လာ ပါတော့သည်။

၎င်းနောက် ကျနော်သည် သူ၏ လိပ်စာကို မေးကြည့်ပြီး ထပ်ပြီးဟောလိုက်ပါသည်။

"ခင်ဗျား အိမ်ဟာ တထပ်အိမ် ဘုရားစင်မှာ မယ်တော်သူရဿတီကိုးကွယ်ထားတယ် မဟုတ်လား၊ နောက်ပြီး ခင်ဗျား မကြာခဏမေ့တက်လို့ ပစ္စည်း ခဏ ခဏပျောက်တယ်"

ကျနော် ဟောပြောမှုကို သူသဘောကျ၍ ထပ်ဟောခိုင်းပါသည်။အပျံသင်ခါစမို့ ကျနော်က ထပ်ဟော ပါတော့သည်။

ကျနော်သည် သူ၏ လိပ်စာ အပြည့်အစုံ ရသော အခါတွင် မျက်စေ့မှိတ်ပြီး အာရုံခံလိုက်ပါသည်။

ထိုအချိန်တွင် အိမ်တအိမ်နှင့် ကိုးကွယ်သည့် ရုပ်ဝတ္ထုများကို ထင်သင်ရှားရှားတွေ့ရပါသည်။

တွေ့မြင်ရပုံမှာလည်း အာရုံနိမိတ် ပေါ်တွင် အိမ်ပုံများနှင့် ကိုးကွယ်သည့် အရာများကို ကားချပ်တခုတွင် ရေးထားသကဲ့သို့ တွေ့ရပါသည်။

ထိုအာရုံတွင် တွေ့ရသည့် အကြောင်းကို (အမြင်ဓါတ်)ဟု ခေါ်ပါသည်။

အမြင်ဓါတ် နှစ်မျိုးရှိပါသည် တမျိုးမှာ အာရုံခံ၍ တွေ့ရသည်၊ တခါတရံမေးလိုသူ၏ ခေါင်းကို တည့်မတ်စွာ စိုက်ကြည့်လိုက်သောအခါတွင် မေးသူ၏ နောက်မှ ကိုးကွယ်သောပုဂ္ဂိုလ်များ ပေါ်ပေါက်လာပါသည်။

ကျနော်သည် (မနောဓါတ်) ဦးစွာပေါ်လာပြီး နောက် အကြားဓါတ်၊အမြင်ဓါတ်များ ရရှိခဲ့ပါသည်။

"ခင်ဗျား ဒီအပတ် လက်မှာ အနာပေါက်မယ်၊ ေ ဘက်ပြီး ခင်ဗျားတို့ သဘောတူထားတဲ့ ခြံစည်းရိုး ကိစ္စက နောက်နှစ်ပတ်လောက်ကြာချင် စကားများရမယ်"

ကျနော် ပြော ပိုက်သည်ကို သူကာ့ယုံ၊ ဒါကြောင့် ခင်ဗျား ပြောတာမှားပြီ၊ ဘာကြောင့်လဲဆို တဦးနဲ့တဦး သဘောတူထားတဲ့ကိစ္စ" ဟုပ်မည်ဟု ပြန်ပြောပါသည်၊

နောက် နှစ်ပတ်အကြာတွင် သူသည် ကျနော့်ဆီသို့ ရောက်လာပါတော့သည်။ ခင်ဗျားဟောတာယုံပြီဗျို့ အနာပေါက်နေသော လက်ကိုထိုးပြပါသည်။

လူသတင်း လူချင်းဆောင် ဆိုသည့်အတိုင်း မိတ်ဆွေများကို ဟောရပြန်တော့သည်။ ဤအချိန်တွင် လဘက်ရည်မရှား၊ ဆေးလိပ်မရှားဖြစ်နေပါသည်။

ယင်းသို့ ဟောပြောနေချိန်တွင် ဇိတ်နှင့်ဟောသည့် အခါလည်း ရှိပါသည်၊အမြင်ဖြင့် ဟောသည့် အခါလည်း ရှိပါသည်၊ တခါတရံမရှင်းလင်းသည့်အခါများ ရှိပါက ပုဂ္ဂိုလ်အား ကြည့်ပါသည်။

ပုဂ္ဂိုလ်ပြောသောစကားများကို ကျနော့်နားထဲတွင် ကြားလာပါသည်။ ပြောလိုက်သောစကားများမှာ မပီမသ ဖြစ်နေသောအခါတွင် ထပ်၍ (ကြိုးခါတ်)ဖြင့် ထပ်မေး ပါတော့သည်။

အခု ဟောရာတွင် ယခင်ကလို မဟုတ်တော့ချေ။

မဟောခင် ပုဂ္ဂိုလ်ကို ဦးစွာပင့်ပါသည်၊ ယင်းသို့ ပုဂ္ဂိုလ်ပင့်နေသောအချိန်တွင် ကျနော့်အာရုံထဲတွင် ဆရာ သခင် သည် ကျနော့် ဦးခေါင်းပေါ်တွင် ရပ်ဘည်ကြောင်း တွေ့ရပြန်သည်။

ကျနော်သည် ယောက်မကော်ကျွန်းမြတ်တွင် သဘင်းသုံးနေသော သာသနာပြု ပုဂ္ဂိုလ်ကျော် ဦးသဒ္ဓမ္မသိဒ္ဓိ ဆရာတော်ဘုရားဆီသို့ ရောက်ရှိသွားပါသည်။

ဆရာတော်ဘုရားအား ကျနော်ကျင့်ကြံ အားထုတ်နေခြင်း မှန်ကန်မှုရှိသလားဟု လျှောက်ထားသည့်အခါတွင် ဆရာတော်က မှန်ကန်မှုရှိကြောင်းပြောပါသည်။

ဝင်းနောက် ကျွန်တော် ဟောပြောခြင်းကို အချိန်မကြာသေး သောကြောင့် ခေတ္တရပ်ဆိုင်းထားပြီး အိမ်တွင် ကျင့်ကြံအား ထုတ်ပြီးနောက် ၅လ ကြာတော့ ဟောပြောရန်နှင့် ဆရာတော် ကိုယ်တိုင် ဓါတ်ဖွင့်ပြီး ဟောရန် သတိပေးပါတော့သည်။

ကျနော်သည် ဆရာတော်၏ ဩဝါဒကိုနာခံပြီး မကြာခဏ ဆရာတော်ဘုရားထံရောက်လေ့ရှိပါသည်။

ဒီနေ့ ဆရာတော် ဘုရားထံ မသွားခင် အိမ်၌ ဆရာတော် ဘုရားအား အာရုံခံကြည့်ပါသည်။

ဆရာတော်ဘုရားသည် ကျောင်းပရဝုဏ် အတွင်း၌ စင်္ကြံနှင့် လျှောက်နေသည်ကို တွေ့ရပါသည်။ ထိုအချင်း အရာကို ဆရာ တော်အား ပြန်လည်လျှောက်ထားသောအခါတွင်ပြုံးနေပါ၏။

ဆရာတော်ဘုရားသည် ကျနော့်အား ဓါတ်ဖွင့်ပေးပါတော့ သည်။

အဓိဋ္ဌာန်( ၃ )ရက်ဝင်ခိုင်းပါသည်၊ သတ်သတ်လွတ်( ၃ )ရက်၊ မီးလွတ်( ၃ )ရက်၊ ရေ ၃ ရက်အဓိဋ္ဌာန်ဝင်ရပါသည်။

အဓိဋ္ဌာန်ပြီးဆုံးပြီးနောက် ကျနော်ကို သမထ ဟောပြော ရန် ခွင့်ပြုပါသည်။

ကျနော်နာမည်မှာ အုန်းညွန့် ဖြစ်ပါသည်၊ ဆရာတော်က သမထ အောင်မြတ်ဟု ကျေညာ၍ ဟောရန်လည်း ကိုက်တွန်း သော ကြောင့် ယနေ့ ကျနော် သမထ ဦးအောင်မြတ် ဖြင့် ဟောပြောနေပါတော့သည်။

\+ \+

၂၀-ရာစု စာပေလောကတွင် ထင်ရှားသော

စာရေးဆရာတို့၏ စာပေသက်တလျှောက် ရေးခဲ့သမျှ

စာပေလက်ရာကို ဝေဖန် အကဲဖြတ်လိုက်သော

မောင်ကောင်းမြင့်

၏

# ခေတ်သစ်စာပေမာတိကာ

မကြာမီထွက်မည်

တန်ဘိုး ၄-ကျပ်

"သမထ-ဦးအောင်မြင့်" အထူး ရေးသား

တင်ဆက်မည့် ဒုတိယ စာအုပ်-

## "သမထ၏အကျိုးအကြောင်းများ"

အောက်ဖော်ပြပါ အကြောင်းရပ်များမှာ

**စိတ်ကူးယဉ် သက်သက် ဖြင့်**

ရေးသားခြင်း မျိုး မဟုတ်ပေ။

သမထဘာဝနာ ကျင့်ကြံနေချိန်တွင် တွေ့ကြုံ ခဲ့ရသော လက်တွေ့နှင့် သဘောတရား ပေါင်းစပ်သော ဖြစ်ရပ်များ ပေါ်တွင် အခြေခံပြီး ရေးသားချက်များဖြစ်ပေ၏။

+ လူသား နှင့် ပယောဂ
+ ဘုရင်ကြီးနှင့် သမထ တန်ခိုး
+ ဆရာတော် ဘုရားနှင့် ကျွန်တော်
+ မဟာခန္ဓာရီ ဝိဇ္ဇာနှင့် မူလဂန္ဓာရီ

+ ကိုယ်တွေ့ တေဇော ကသိုဏ်းကျင့်နည်း
+ ဩဒါတ အလင်းရောင် ကသိုဏ်းကျင့်နည်း
+ ဓါတ်စကားပြောခြင်းအကြောင်း
+ ဓါတ်စီးခြင်းအကြောင်း
+ ပယောဂဆရာနှင့် ကျွန်တော်
+ သင်းချိုင်းထဲ၌ တရားကျင့်စဉ်က
+ သမထဖြစ် ဟောပြောစဉ်က
+ ကသိုဏ်းအကျင့်မှားခြင်းကြောင့် စိတ်ဓါတ်
ချောက်ခြားခြင်းနှင့် မျက်စိပျက်ခဲ့ခြင်းအကြောင်း
+ ပွဲထိုးခြင်းအကြောင်း
+ သေသောသူကို သမထအာရုံနှင့်ကြည့်ခြင်း
+ ညတည၏ အတွေ့အကြုံ။

**( မကြာမီ ထွက်လာမည် )**

ကိုယ့် အမျိုးကို မချစ်တတ်သူများ-
တိုင်းပြည်သစ္စာဖောက်များ-
ပြည်တွင်းပြည်ပအန္တရာယ်များ=
သယ်ဆောင်လာသူများ-

အပြတ်နှိမ်နင်းမည်။

မနုဿ

၏

# သေရဲသူ့ဗိုလ်လုပ်စတမ်း

(မကြာမီထွက်လာမည်)

တအုပ် ၃-ကျပ်။

+ ဘယ်လို ကောင်းတယ်၊

+ ဘယ်လောက် ကောင်းတယ်၊

+ မြေပေါ် မှာ-

+ ရွှေကြော် ဖြောထုတ်ရန်

+ မလိုတဲ့ "စာအုပ်"


**မောင်မောင်မြတ်**

( ဘာသာပြန် )


# ကမ္ဘာမြေ တလွှား

## လျှို့ဝှက်သဲဖို မှုခင်းများ

★ တကယ် ဖြစ်ပျက် ခဲ့ သည့်
အံ့ဩ မန်း ဇာတ် လမ်း များ၊

★ ဓါတ် ပုံ များ နှင့်-

☆ တကျွန်း (ခေါ်) ကပ္ပလီကျွန်း။

☆ ဤတကျွန်းသည် လူဆိုး လူမိုက်
လူ့သရဲကြီးများ ပို့ရာနေရာလော-၊
အင်္ဂလိပ် နယ်ချဲ့ အစိုးရက
မြန်မာ တို့အား ဤကျွန်းပေါ်ပို့ပြီး
မတရားညှဉ်းပန်းခဲ့ပုံများ၊

☆ ဆရာစံ၏ ဘက်တော်သားများကို
ဤကျွန်း ပေါ် သို့-
မည် သို့ ပို့ သနည်း၊

မ နု ဿ

# တကျွန်းပြန်ကြီးများ

( ဇူလိုင်လ ဆန်း ထွက်မည် )
တအုပ် ၄-ကျပ်။

သမထဦးအောင်မြတ်

# ''ကိုယ်တွေ့ သမထ ကျင့်နည်း''

ဤစာအုပ်တွင်

* ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ရှဆရာကြီးဘိုးတော် အောင်မင်းခေါင် ပစ္စုပ္ပန်ကာလတွင် ရှိသေးသလား။
* ဘိုးတော်အောင်မင်းခေါင်၏ ထေရုပ္ပတ္တိ။
* သမထဆိုတာ ဘာလဲ။
* သမထ၏ အကြားအမြင် ကျင့်နည်း။
* ကိုယ်တွေ့ သမထကျင့်နည်းများ အသေးစိတ်။
* သမထကျင့်နည်းလမ်းများ။
* နှစ်ဦး သမထကျင့်စဉ်မှ အတွေ့အကြုံများ။
* ကသိုဏ်း ကမ္မဋ္ဌာန်းတရား အားထုတ်နည်း။
* သမထကျင့်ရင် ရူးသလား။
* ထွက်ရပ်ပုဂ္ဂိုလ်များကိုတွေ့ရန် မည်သို့ကျင့်သနည်း။
* သမထသည် ရတနာသုံးပါးကို အခြေခံပါသည်- စသည်....စသည်များ။